ကြေးမုံ

The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၁ ရက်၊ တနင်္ဂနွေနေ့၊ (31-7-2011) (၆၁၃၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်နယ်အတွင်း နေထိုင်သော တိုင်းရင်းသားများအနေဖြင့် သဘာဝအရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချ စားဝတ်နေရေး ပြည့်စုံပူလုံရုံမက ပြည်တွင်းပြည်ပသို့ပါ ထုတ်လုပ်ရောင်းချနိုင်အောင် အလုပ်ကို ကြိုးစားလုပ်ကိုင်

ကျဉ်းမြောင်းသော လူမျိုးစွဲ၊ ဒေသစွဲများကို ဖယ်ရှားပြီး ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ထာဝရမွေးမြူ

နေပြည်တော် ဇူလိုင် ၃၀

ရခိုင်ပြည်နယ် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ယနေ့နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲအခမ်းအနားသို့ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းနေလင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်၊ စစ်ဦးစီးအရာရှိချုပ် (လေ) ဗိုလ်ချုပ်ခင်အောင်မြင့်၊ ရခိုင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးထိန်လင်း၊ ရခိုင်ပြည်နယ် လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးသာညွန့်၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်က ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အထိ ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြို့နယ်အချို့တွင် လူနေအိမ်များ ထိခိုက်ပျက်စီးမှု၊ ကယ်ဆယ်ထောက်ပံ့ရေးပစ္စည်းများ ဆောင်ရွက်ပေးမှု၊ ခေတ္တပိတ်ခဲ့ရသည့် စာသင်ကျောင်းများနှင့် ပြန်လည်ဖွင့်လှစ်နိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်မှု၊ စိုက်ပျိုးပြီးမိုးစပါးများ ရေလွှမ်းမိုး ထိခိုက်ပျက်စီးမှုနှင့် ပြန်လည်စိုက်ပျိုးပြီးစီးမှု၊ ရေငန်တားတာတမံ၊ ရေလျှောင်တမံနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရ အဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ရခိုင်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် မိုးပိုလာနိုင်သည်။

၃၁-၇-၂၀၁၁
(တနင်္ဂနွေနေ့)

တိုင်းရင်းသားချင်း ချစ်ကြည်ရင်းနှီး ပေါင်းစည်းနေထိုင် စီးပွားရေးလုပ်ငန်းများ ဇောက်ချလုပ်ကိုင်

မကြာသေးမီရက်ပိုင်းများက မုတ်သုံမိုးဦး သည်းထန်စွာ ရွာသွန်းခဲ့သည်။ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သည်။ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများ ဖြစ်ပွားခဲ့သည့် မြို့နယ်များသို့ သွားရောက်၍ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်း၊ ဆေးဝါးနှင့်လိုအပ်သည်များ စီမံဖြည့်ဆည်းပေးခဲ့သည်။

ထို့အတူ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဇူလိုင် ၂၈ ရက်နှင့် ၂၉ရက်တို့တွင် ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ဒေသများဖြစ်သည့် တောင်ကုတ်မြို့နယ်၊ အမ်းမြို့နယ်၊ မင်းပြားမြို့နယ်နှင့် မြောက်ဦးမြို့နယ်တို့သို့ သွားရောက်ခဲ့သည်။ အဆိုပါဒေသများ၌ လမ်း၊ တံတား ပျက်စီးမှုများ ပြုပြင်ရေး၊ ရေကြီးနစ်မြုပ်ခဲ့ရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုများရှိက ပြုပြင်ဆောင်ရွက်ပေးရေး ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခဲ့သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ရေဘေးသင့်မြို့နယ်များသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း သက်ဆိုင်ရာမြို့နယ်များမှ ရေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ကျောင်းသုံးပစ္စည်းများ၊ ဆေးဝါးပစ္စည်းများနှင့် အခြားလိုအပ်သည့်ပစ္စည်းများကို ပေးအပ်သည်။

ရခိုင်ပြည်နယ်ခရီးစဉ်အတွင်း နိုင်ငံတော်သမ္မတသည် သက်ဆိုင်ရာမြို့နယ်များမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံမှာကြားရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့်စပ်လျဉ်း၍ **"မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် ဥမကွဲ သိုက်မပျက် အတူတကွ လက်တွဲနေထိုင်လာခဲ့ကြကြောင်း၊ ကျဉ်းမြောင်းသည့် လူမျိုးစွဲဝါဒ၊ ဒေသစွဲဝါဒများ ထားရှိရန်မသင့်ကြောင်း၊ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာဖြင့် ပူးပေါင်းနေထိုင်မှသာ မိမိတို့နိုင်ငံ အဓွန့်ရှည်တည်တံ့နေမည်ဖြစ်ကြောင်း"** ပြောကြားသည်။

မြန်မာနိုင်ငံသည် ပြည်ထောင်စုငယ်များ ပေါင်းစုထားသည့် ပြည်ထောင်စုနိုင်ငံဖြစ်ရာ တစ်မြေတည်းနေ တစ်ရေတည်းသောက် သွေးရင်းသားချင်းများဖြစ်၍ အတိတ်ကဖြစ်ရပ်များအပေါ် သင်ခန်းစာယူ၍ တိုင်းရင်းသားအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံဖြင့် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် နေထိုင်သွားကြရပေမည်။ သို့မှသာ အသီးတစ်ရာ အညှာတစ်ခု ပြည်ထောင်စုကြီး ထာဝစဉ် တည်တံ့ခိုင်မြဲနေမည် ဖြစ်ပေသည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် ရရှိဖြစ်ထွန်းနေသည့် ပြည်ထောင်စုစိတ်ဓာတ်၊ သဘာဝသယံဇာတနှင့် နိုင်ငံတော်က တည်ဆောက်ပေးထားသည့် အခြေခံကောင်းများအပေါ်တွင်အခြေခံ၍ စီးပွားရေးလုပ်ငန်းများကို ဇောက်ချလုပ်ကိုင်ကြခြင်းဖြင့် အလုပ်အကိုင် အခွင့်အလမ်းကောင်းများ၊ အကျိုးစီးပွားဖြစ်ထွန်းမှုများ ပိုမိုရရှိလာနိုင်မည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် သံတွဲမြို့ အံတော်ကျေးရွာ တောင်သူ ဦးထွန်းရင်၏ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားပြီး သိပ္ပံနည်းကျစိုက်စနစ်ဖြင့် စိုက်ပျိုးထားသော ဆင်းသွယ်လတ်စပါးမျိုးစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒေသနှင့် ကိုက်ညီသော အထွက်ကောင်းမျိုး တစ်မျိုးတည်းကိုသာ ရွေးချယ်စိုက်ပျိုး

နေပြည်တော် ဇူလိုင် ၃၀

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းတွင် သံတွဲမြို့ရှိ ငပလီရေလှောင်တမံကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေလှောင်တမံ သန့်ရှင်းသာယာလှပရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် သံတွဲမြို့ အံတော်ကျေးရွာ ကွင်းအမှတ်(၁၇၄) ဦးပိုင်အမှတ် (၇၀/၁) တောင်သူ ဦးထွန်းရင်၏ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားပြီး သိပ္ပံနည်းကျစိုက်စနစ်ဖြင့်စိုက်ပျိုးထားသော ဆင်းသွယ်လတ်စပါးမျိုး စိုက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် သံတွဲမြို့ရှိ သံတွဲခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ သံတွဲမြို့ရှိ ဒေသခံတောင်သူလယ်သမားများနှင့် တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများ၊ သံတွဲမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ သံတွဲမြို့နယ် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ဆန်စပါးကုန်သည်ကြီးများနှင့် ဆန်စက်လုပ်ငန်းရှင်များ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက် ထွက်ရန် သိပ္ပံနည်းကျစိုက်စနစ် (၁၄) ချက်ကို တောင်သူတိုင်း လိုက်နာဆောင်ရွက်ရန်၊ အလေအလွင့်နည်းစေရန်၊ မောင်းညိုချိန်တွင် ရိတ်သိမ်းပြီး ကောက်လှိုင်းများ စုပုံမထားဘဲ မြန်မြန်ခြွေလှေ့ရန်နှင့် ဒေသနှင့် ကိုက်ညီသော အထွက်ကောင်းမျိုးတစ်မျိုးတည်းကိုသာ ရွေးချယ်စိုက်ပျိုးကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

GLORYမှ သင်တန်းများ ဖွင့်မည်

ရန်ကုန် ဇူလိုင် ၃၀

GLORY သင်တန်းကျောင်းတွင် လူငယ်များ အနာဂတ်ဘဝခိုင်မာစေရန် ရည်ရွယ်၍ အတတ်ပညာများကို ကုန်ကျစရိတ်သက်သာစွာဖြင့် အချိန်တိုအတွင်း သင်ယူနိုင်ရန် ဂဟေဆက်နှင့် ပိုက်ပြင်၊ ပိုက်ဆက်သင်တန်းများ၊ တွင်ခုံသင်တန်း၊ အင်ဂျင်စက်ပြင်သင်တန်း၊ မော်တော်ကားဝါယာရိန်းသင်တန်း၊ မော်တာ၊ ဒိုင်နမိုထရန်စဖော်မာ ကွိုင်ပတ်ခြင်းသင်တန်း၊ စက်ရုံအလုပ်ရုံဝါယာရိန်းသင်တန်း၊ Electrical Control သင်တန်း၊ အဲယားကွန်း၊ ရေခဲသေတ္တာကျွမ်းကျင်သင်တန်း၊ TV, DVD, EVD စက်ပြင်သင်တန်း၊ အသုံးချအီလက်ထရွန်နစ်သင်တန်း၊ Marine Electrical and Fitter သင်တန်းနှင့် PIC, CNC, PLC အဆင့်မြင့် အင်ဂျင်နီယာသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိသည်။ သင်တန်းကာလမှာ တစ်လမှ သုံးလအထိ ကြာမြင့်နိုင်ပြီး လုပ်ငန်းခွင်ဝင်နိုင်သော ကျွမ်းကျင်မှုမျိုး ရရှိရန် သင်တန်းအချို့အတွက် သီးသန့် Workshop ထားရှိကာ လက်တွေ့သင်ခန်းစာများကို သင်ကြားပေးသည်။ သင်တန်းအောင်မြင်ပြီးမြောက်ပါက ပြည်တွင်း၊ ပြည်ပကုမ္ပဏီများတွင် ဝင်ရောက်လုပ်ကိုင်နိုင်သကဲ့သို့ အတတ်ပညာဖြင့် ကိုယ်ပိုင်လုပ်ငန်းများ ထူထောင်နိုင်မည်ဖြစ်သည်။ ထို့အပြင် GLORY သည် City & Guilds(UK) ၏ Approved Training Centre အဖြစ် ရယူပြီး Engineering Diploma နှင့် Advanced Diploma သင်တန်းများကိုလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။ အဆိုပါသင်တန်းများကို GLORY တွင် တက်ရောက်ပြီး ပြည်ပစာမေးပွဲ ဖြေဆိုအောင်မြင်ပါက သင်တန်းကာလ တစ်နှစ်ဝန်းကျင်ဖြင့် နိုင်ငံတကာအသိအမှတ်ပြု ဒီပလိုမာကို ရရှိမည်ဖြစ်သည်။

တန်းခွဲသစ်များကို ဩဂုတ်လဆန်းတွင် ဖွင့်လှစ်မည်ဖြစ်ပြီး စိတ်ပါဝင်စားသူများသည် (၁၂၅)B ပထမထပ် (၃၈) လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၃၄၃၁၊ ၀၉-၇၃၁၂၁၇၁၇၊ ၀၉-၅၁၉၇၈၁၇၊ Website: www.glory-education.com သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(ကြေးမုံ)

လောင်းကစားမှုပပျောက်ရေးနှင့် မူခင်းကျဆင်းရေး တန့်ယန်း၌ ဆွေးနွေး

တန့်ယန်း ဇူလိုင် ၃၀

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ်၌ လောင်းကစားမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် ဆွေးနွေးပွဲတစ်ရပ်ကို ဇူလိုင် ၂၄ ရက်က မြို့နယ်ရဲတပ်ဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး ဇော်ဝင်းက မြို့နယ်အတွင်း လောင်းကစားမှုပပျောက်ရေးနှင့် မှုခင်းကျဆင်းရေးအတွက် ဆောင်ရွက်နေမှုများ၊ ပညာပေးရေးအဖွဲ့၊ စစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းထားရှိမှုနှင့် စီမံချက်ဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

(၆၅)

ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ် (၅၄)ရပ်ကွက် ဖွဲ့ကပင်လမ်းနေ ဒေါ်စိုးစိုးမြင့်၏ (၆၆)နှစ်ပြည့်မွေးနေ့ အလှူအဖြစ် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းသို့ ငွေကျပ်တစ်သိန်း လှူဒါန်းရာ အုပ်ချုပ်ရေးမှူး ဦးပြုံးနှင့် စောင့်ရှောက်ရေးသူနာပြု ဒေါ်မွန်မွန်အောင်တို့ လက်ခံစဉ်။ (ကြေးမုံ)

ရေဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ စုပေါင်းလှူဒါန်းပွဲနှင့် သက်ကြီးပူဇော်ပွဲကို ဇူလိုင် ၃ ရက်က ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ မိုးညှင်းဝိပဿနာဓမ္မာရုံ၌ ကျင်းပရာ အသင်းနာယက၊ ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အသင်းသား၊ အသင်းသူများက စုပေါင်းလှူဒါန်းကြပြီး အသင်းဝင် သက်ကြီးအဘိုး၊ အဘွားများအား ကန်တော့လက်ဆောင်ဖြင့် ပူဇော်ကြစဉ်။ (ကြေးမုံ)

အမှာစကားပြောကြား

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၂၄ ရက်က မြို့နယ်သမဝါယမအသင်းစုလီမိတက်၌ ကျင်းပရာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးကျော်ဖြူ အမှာစကားပြောကြားစဉ်။ (၆၃)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၃၀-၇-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၇၆၀၀	၀. ၀၃၃၆၀
တရုတ် (ယွမ်)	၆. ၄၃၇၀၀	၀. ၁၅၅၃၅
အိန္ဒိယ (ရူပီး)	၄၄. ၂၀၀၀	၀. ၀၂၂၆၂
မလေးရှား (ရင်းဂစ်)	၂. ၉၆၆၅၀	၀. ၃၃၇၁၀
စင်ကာပူ (ဒေါ်လာ)	၁. ၂၀၃၈၀	၀. ၈၃၀၇၀
ဂျပန် (ယန်း)	၇၆. ၈၅၀၀	၀. ၀၁၃၀၁
တောင်ကိုရီးယား(ဝမ်)	၁၀၅၃. ၅၅	၀. ၀၀၀၉၅
ယူရို	၀. ၆၉၄၇၈	၁. ၄၃၉၃၀
ဗြိတိသျှ (ပေါင်)	၀. ၆၀၉၀၉	၁. ၆၄၁၈၀

အင်တာနက်။

☆ ရှေ့ဖုံးမှ

လျှိုပိတ်ဆည်များ၏ အခြေအနေ၊ တောင်ကျချောင်းရေများနှင့် ရေတိုက်စားခြင်းတို့ကြောင့် တံတားများပျက်စီးခြင်း၊ လမ်းသားများပဲ့ကျခြင်း၊ တောင်မြေပြိုကျခြင်းများ ဖြစ်ပွားခဲ့မှုနှင့် လမ်း၊ တံတားများ ပြုပြင်ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ရခိုင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ငါးသိုင်းချောင်း-ဂွလမ်းအပိုင်းတွင် တောင်မြေပြိုကျမှုနှင့် လမ်းကမ်းပါးပဲ့ကျမှုတို့ ဖြစ်ပေါ်ခဲ့၍ တောင်ပြိုမြေများကို ရှင်းလင်းဖယ်ရှားခြင်းနှင့် မြေကာနံရံရိုက်ခြင်းလုပ်ငန်းဆောင်ရွက်မှု၊ ဂွ-သံတွဲလမ်းအပိုင်းတွင် လမ်းရေကျော်ပြီး ရေတိုက်စားမှုကြောင့် တံတားကမ်းကပ်ခုံပျက်စီးခဲ့၍ လမ်းနှင့်တံတားတို့ကို ပြန်လည်ပြင်ဆင်နေမှု၊ သံတွဲ-တောင်ကုတ်လမ်းအပိုင်းတွင် သံတွဲမြို့နယ်အတွင်း လမ်းများရေကျော်၍ ပျက်စီးမှု၊ တောင်ကုတ်-မအီ-အမ်းလမ်းအပိုင်းတွင် ငှက်ပျောချောင်းတံတားနှင့် စနဲချောင်းတံတားပျက်စီးမှုရှိခဲ့၍ ပြုပြင်နေမှုနှင့် ဗွက်တန်းရှည်ဖြစ်ပေါ်မှုကို ပြင်ဆင်ထားမှု၊ မင်းဘူး-အမ်းလမ်းအပိုင်းတွင် ကတ္တရာလမ်း ရေတိုက်စားမှုကြောင့် လမ်းသားနိမ့်ကျနေမှုကို ပြင်ဆင်ထားမှု၊ တောင်ပြိုမြေများကို စက်ယာဉ်ယန္တရားများဖြင့် ရှင်းလင်းဖယ်ရှားမှုနှင့် ပြိုပျက်သွားသော လမ်းပခုံးသားများကို မြေထိန်းတုတ်ရိုက်၍ ပြုပြင်ထားမှု၊ အမ်း-တပ်တောင်လမ်းအပိုင်းတွင် သစ်သားတံတားနှင့်ချဉ်းကပ်လမ်း ရေတိုက်စားပျက်စီးမှုနှင့် ပြန်လည်ပြင်ဆင်ပြီးစီးမှု၊ အမ်း-မင်းပြားလမ်းအပိုင်းတွင် အရှည်ပေ ၉၉၀ ရှိ နှစ်လွှာတစ်ထပ်ဘေလီတံတားဖြစ်သော ဒါးလက်ချောင်းတံတား၏ ရေလယ်တိုင် အမှတ်(P7) ထိခိုက်ပျက်စီးခဲ့၍ ဘေလီတံတားသံပေါင် အားဖြည့်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုနှင့် လမ်းရေကျော်မှုကို ပြုပြင်ထားမှု၊ မင်းပြား-စစ်တွေလမ်းအပိုင်းတွင် သစ်သားတံတားနှင့် လမ်းသား ပေ ၄၀ ခန့် ရေစီး၌မျောပါသွားမှုကို နေ့ဆိုင်း/ညဆိုင်းဖြင့် ဆောင်ရွက်ခဲ့မှု၊ ဘူးသီးတောင်-မောင်တောလမ်းအပိုင်း (မောင်တောခရိုင်)တွင် ဘေလီတံတားကျိုးကျပျက်စီးခဲ့၍ ဘေလီသံပေါင်တပ်ဆင် ဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ရေကြီးနစ်မြုပ်သည့်ဒေသများကို လိုက်လံကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရန် မိမိဦးဆောင်သည့်ပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများ လာရောက်ကြခြင်းဖြစ်ကြောင်း။

မိမိတို့အဖွဲ့သည် ဇူလိုင်လ ဒုတိယပတ်နှင့် တတိယပတ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူနေအိမ်ခြေအချို့နှင့် လယ်ယာများရေနစ်မြုပ်ခဲ့သည့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတ၊ ငါးသိုင်းချောင်းမြို့တို့နှင့် ရခိုင်ပြည်နယ် ဂွ၊ သံတွဲ၊ တောင်ကုတ်၊ အမ်း၊ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်မြို့များမှတစ်ဆင့် စစ်တွေမြို့သို့ ယမန်နေ့က ရောက်ရှိလာကြခြင်းဖြစ်ကြောင်း။

ယခုကဲ့သို့ ရေကြီးနစ်မြုပ်မှုကြောင့် အသက်သေဆုံးမှု အနည်းငယ်သာရှိခဲ့ပါကြောင်း၊ သို့သော် အိုးအိမ်အချို့ ရေမျောပျက်စီးမှု၊ စိုက်ပြီးလယ်များ အချိန်ကြာစွာ ရေနစ်မြုပ်မှု၊ စာသင်ကျောင်းများပိတ်ထားရမှု၊ လမ်းနှင့်တံတားအချို့ ပျက်စီးမှုများရှိခဲ့သော်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့်၊ ပြည်နယ်အဆင့်နှင့် မြို့နယ်အဆင့်တို့က စေတနာရှင်ပြည်သူများနှင့်ပူးပေါင်းပြီး အချိန်မီ ကူညီကယ်ဆယ်မှုများ ပြုလုပ်နိုင်ခဲ့သည့်အတွက် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ များစွာလျော့နည်းသွားခဲ့သည်ကို တွေ့ရှိရကြောင်း။

မိမိတို့ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့ဝန်ကြီးများ အနေဖြင့်လည်း မိမိဦးဆောင်ပြီး ရေကြီးနစ်မြုပ်သည့်ဒေသများသို့ ယခုကဲ့သို့ အချိန်တိုအတွင်း ရောက်ရှိလာခဲ့သည့်အတွက် ရေနစ်မြုပ်ပျက်စီးသွားသော နေအိမ်အချို့ ပြန်လည်ဆောက်လုပ်နိုင်ရေး၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ ကျောင်းသား၊ ကျောင်းသူများ ကျောင်းပြန်တက်နိုင်ရေး၊နောက်ဆက်တွဲရောဂါဘယများ မဖြစ်ပေါ်စေရေး၊ ရေနစ်မြုပ်ပျက်စီးဆုံးရှုံးသွားသည့် စိုက်ပြီးလယ်များအတွက် မျိုးစပါးများရရှိရေး၊ လမ်း၊ တံတားများ အမြန်ဆုံး ပြန်လည်ပြင်ဆင်ပေးနိုင်ရေးတို့ကို နိုင်ငံတော်အဆင့်အနေဖြင့် လတ်တလောဆောင်ရွက်ပေးသင့်သည်များကို လတ်တလောဆောင်ရွက်ပေးခဲ့ပြီး ရေရှည်စီမံဆောင်ရွက်ပေးသင့်သည်များကိုလည်း စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရှင်းလင်းတင်ပြ

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် ရှင်းလင်းတင်ပြစဉ်။(သတင်းစဉ်)

ရေကြီးနစ်မြုပ်မှုများတွင် များသောအားဖြင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုအများဆုံးမှာ တောင်သူလယ်သမားနှင့် ဆင်းရဲသားလက်လုပ်လက်စားသမားများဖြစ်သည့်အတွက် ထိုလူတန်းစားများအတွက် လတ်တလောအဆင်ပြေရေးအတွက်သာမက ၎င်းတို့၏ လူမှုစီးပွားဘဝ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ နိုင်ငံတော်အပိုင်းကရော ပြည်သူများအပိုင်းကပါ ဝိုင်းဝန်းပြီး ပါဝင်ကူညီဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း။

ယနေ့ မိမိတို့အစိုးရ အလေးထားပြီး အကောင်အထည်ဖော် ဆောင်ရွက်နေသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးခေါင်းစဉ်အောက်တွင် လုပ်ငန်း(၈)ရပ် ပါဝင်ပြီး လုပ်ငန်းတစ်ရပ်ဖြစ်သည့် ပုဂ္ဂလိက ငွေစုငွေချေးအသင်းများ ထူထောင်၍ အရင်းအနှီး လိုအပ်နေသော တောင်သူလယ်သမားများ၊ လက်လုပ်လက်စားများ၊ ဈေးဆိုင်ကလေးများ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်များ စသည်ဖြင့် ဥပဒေနှင့်အညီ ရိုးသားစွာ လုပ်ကိုင်ရှာဖွေစားသောက်နေကြသော ဆင်းရဲနွမ်းပါးသူများအား ထိုက်သင့်သည့်အတိုးနှုန်းဖြင့် ငွေချေးပေးခြင်း၊ ငွေစုဆောင်းနိုင်အောင် ဖန်တီးပေးခြင်း၊ ရရှိသည့် အတိုးငွေအနက်မှ အချို့အဝက်ကို ၎င်းတို့အတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် NGO အဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး ကူညီဆောင်ရွက်ပေးမည်ဆိုပါက မြို့ပေါ်ရပ်ကွက်နှင့်ကျေးလက်များ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်လာပြီး ဆင်းရဲနွမ်းပါးမှုသည်လည်း လျော့ကျလာမည်ဖြစ်ကြောင်း။

ရှိသောသူက မရှိသည့်သူကို မျှဝေကူညီခြင်း၊ ချမ်းသာသောသူက ဆင်းရဲချို့တဲ့သူကို ပေးကမ်းခြင်း၊ ခွန်အားကြီးသူက ခွန်အားငယ်သူကို ညှာတာခြင်းစသည်တို့သည် မိမိတို့ မြန်မာလူမျိုးများ၏ မွန်မြတ်သော အလေ့အထများ ဖြစ်သကဲ့သို့ မင်္ဂလာရှိသော လုပ်ငန်းများလည်းဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့်အတူ ဤလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝိုင်းဝန်းပါဝင် ပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းလိုပါကြောင်း။

ယနေ့ ကမ္ဘာ့ရာသီဥတုပြောင်းလဲဖောက်ပြန်မှုများကြောင့် နိုင်ငံအချို့တွင် အင်အားပြင်းထန်သော ငလျင်များလှုပ်ခြင်း၊ ဆူနာမီရေလှိုင်းကြီးများတက်ရောက်လာခြင်း၊ မီးတောင်များပေါက်ကွဲခြင်း၊ ပြင်းထန်သည့် မုန်တိုင်းများကျရောက်ခြင်း၊ တောမီးများလောင်ခြင်း၊ အပူလှိုင်းများကျရောက်ခြင်း၊ ရေကြီးနစ်မြုပ်ခြင်း စသည့် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ကြရပြီး လူသားများ၏ အသက်အိုးအိမ်စည်းစိမ်များ ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နေသည်မှာ အားလုံးအသိပင်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင်လည်း ၂၀၀၈ ခုနှစ်က အင်အားပြင်းထန်သော နာဂစ်မုန်တိုင်းကျရောက်ခဲ့သည့်အပြင် ၂၀၁၀ ခုနှစ် နှစ်ကုန်ပိုင်းတွင်လည်း ရခိုင်ပြည်နယ်၌ ဂီရိမုန်တိုင်း တိုက်ခတ်ခဲ့သည့်အတွက် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ယင်းသဘာဝဘေးအန္တရာယ်များကို လူသားများအနေဖြင့် တားဆီးနိုင်စွမ်းမရှိသည့်အတွက် ကျော်လွှားနိုင်အောင် ကြိုတင်ပြင်ဆင်မှုများ၊ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားရမည်ဖြစ်ကြောင်း၊ ကြုံတွေ့လာခဲ့လျှင်လည်း မတုန်မလှုပ်ဘဲ တစ်ဦးကိုတစ်ဦးက ကူညီစောင့်ရှောက်မှုများ၊ အားပေးထောက်ကူမှုများ ပြုလုပ်ကြရမည်ဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် ပြည်သူ၊ တပ်မတော်တို့ အတူလက်တွဲပြီး စည်းလုံးညီညွတ်စွာဖြင့် ရင်ဆိုင်ကျော်လွှားနိုင်အောင် ကြိုးစားကြရမည်ဖြစ်ကြောင်း။

ရခိုင်ပြည်နယ်သည် သဘာဝသယံဇာတများ ပေါများသည့်ပြည်နယ်ဖြစ်ကြောင်း၊ သားငါးပေါများသော ပင်လယ်ပြင်နှင့်မြစ်ချောင်းများရှိသည့်အပြင် ပြန့်ပြူးညီညာသော လယ်ကွင်းများလည်းရှိကြောင်း၊ သစ်ဝါးပေါများသည့် သစ်တောများ၊ တောင်ကုန်းများလည်းရှိကြောင်း၊ ဤပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားများအနေဖြင့် ဤသဘာဝအရင်းအမြစ်များကို ထိထိရောက်ရောက်အသုံးချပြီး စားဝတ်နေရေး ပြည့်စုံဖူလုံရုံသာမက ပြည်တွင်းပြည်ပသို့ပါ ထုတ်လုပ်ရောင်းချနိုင်အောင် အလုပ်ကိုကြိုးစားလုပ်ကိုင်ကြရန် လိုအပ်ကြောင်း၊ တိုင်းတစ်ပါးသားများ ဝင်ရောက်မလာနိုင်အောင်လည်း ကာကွယ်တားဆီးသွားရန် လိုအပ်ကြောင်း၊ ကျဉ်းမြောင်းသောလူမျိုးစွဲ၊ ဒေသစွဲများကိုဖယ်ရှားပြီး ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို အစဉ်ထာဝရ မွေးမြူသွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်းဖြင့် မှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အထူးလေယာဉ်ဖြင့် စစ်တွေမြို့မှထွက်ခွာခဲ့ရာ နံနက်ပိုင်းတွင် နေပြည်တော်သို့ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဦးစိုးတင့် မောင်တောခရိုင်အတွင်း ဘူးသီးတောင်-မောင်တောလမ်းရှိ လမ်း၊ တံတားများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်သည် ဇူလိုင် ၂၆ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ဘူးသီးတောင်-မောင်တောလမ်း မိုင်တိုင်အမှတ်(၆/၃၊ ၆/၄ နှင့် ၆/၅)တို့ အတွင်းရှိ ဘေလီတံတားများ ပျက်စီးမှုနှင့်ကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လမ်းပန်းဆက်သွယ်မှု ပြတ်တောက်မှု မရှိစေရေးအတွက် စက်ယန္တရားများဖြင့် တံတားပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မိုင်တိုင်အမှတ်(၆/၇)နှင့် (၇/၀)အကြား ရေတိုက်စားသဖြင့် ရေထုတ်ပြွန်ပိတ်ဆို့၍ လမ်းရေကျော်က လမ်းနှုတ်ခမ်းသားပဲ့ကျမှုကြောင့် သဲအိတ်များဖြင့် မြေထိန်းနံရံ ဆောင်ရွက်ထားမှု၊ မိုင်တိုင်အမှတ် (၇/၁)နှင့် (၇/၂)အကြားရှိ တံတားအမှတ်(၁၃/၇) ယာယီဘေလီတံတား၏ ကြံ့ခိုင်မှုနှင့် အသစ်တည်ဆောက်ရန် ဆောင်ရွက်ထားရှိမှု၊ မိုင်တိုင်အမှတ် (၇/၆)နှင့် (၇/၇)အကြားရှိ လိုဏ်ခေါင်းအတွင်း လမ်းပြုပြင်နေမှုနှင့် မိုင်တိုင်အမှတ် (၇/၇)နှင့် (၈/၀)အကြားရှိ တံတားအမှတ် (၁၆/၈)၏ ကမ်းကပ်ခုံနှင့် မြေကာနံရံ တည်ဆောက်နေမှုနှင့် မောင်တော-ကျီးကန်းပြင်-ကြိမ်ချောင်းလမ်းရှိ တံတားအမှတ် (၁/၁) ချဉ်းကပ်လမ်း ရေတိုက်စားမှုကြောင့် ချဉ်းကပ်တံတားတည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဘူးသီးတောင်-မောင်တောလမ်း မိုင်တိုင်အမှတ်(၁၄/၃ နှင့် ၁၄/၄) အကြားရှိ မောင်တောမြို့ဝင်တံတား၊ တံတားအမှတ်(၁/၁၅) တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မောင်တောခရိုင် အင်ဂျင်နီယာမှူးရုံး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မောင်တောခရိုင်ရိပ်သာနှင့် ခရိုင်မှူးရုံး၊ အရာထမ်း၊ အမှုထမ်းများ၏ ဝန်ထမ်းနေအိမ်တို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့် မောင်တောမြို့ဝင် တံတားတည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဗီဒီယိုလုပ်ငန်းလိုင်စင်များအား နေ့ချင်းပြီးဆောင်ရွက်

တောင်ကြီး ဇူလိုင် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီမှ အတွင်းရေးမှူး (လုပ်ငန်းစုမှူး) ဦးမိုးစည်သူသည် ကလောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်နယ်၊ မြို့နယ် ဗီဒီယိုအခြေခံအဖွဲ့တို့နှင့်အတူ ဇူလိုင် ၂၇ ရက်က ကလောမြို့နှင့် ကလောမြို့နယ်အတွင်းရှိ ဝက်ဖြူရေကျေးရွာအုပ်စုရှိ ရေယား၊ ရေယောင်းမ၊ ဝက်ဖြူရေ၊ မကွေ၊ နန်းပန်တက်ကျေးရွာများရှိ ဗီဒီယိုပြသခြင်း(ဆိုင်)များအား ကွင်းဆင်းစစ်ဆေးပြီး ဗီဒီယိုလုပ်ငန်းလိုင်စင်များကို နေ့ချင်းပြီး ဆောင်ရွက်ပေးခြင်းနှင့် လိုင်စင်များသက်တမ်းမလွန်မီ တိုးမြှင့်ရေး၊ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးတို့ကို လုပ်ငန်းရှင်များအား စည်းရုံးပညာပေးခဲ့သည်။

(ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁-၇-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဉ္စာန်းပါဠိတော်+ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၁)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၃)**
- ၈း၅၀ Activities In The City
- ၉း၀၀ ခုနှစ်နှစ်ပြည့် MRTV-4 အစီအစဉ်များ
- ၁၂း၀၀ တော်ဝင်စင်တာ(စတုဒိသာ အလှူတော်မင်္ဂလာ)
- ၁၂း၁၀ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကိုသွားကြစို့
- ၁၂း၂၅ Activities In The City
- ၁၂း၅၀ "သေနည်း(၄)မျိုး"တရားတော် ဆရာတော်အရှင်ဇဝန (မေတ္တာရှင်)
- ၁း၄၀ ရွှေကျင်မြေတွင် တည်ထားပူဇော်ဆံတော်ရှင်အရှေ့မဟာဗုဒ္ဓဘုရားကြီး(ခေါ်)မွေတော်မွန် ရောဇ်စေတီတော်
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၃)**
- ၃း၀၀ ခုနှစ်နှစ်ပြည့် MRTV-4 အစီအစဉ်များ
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ခုနှစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
- ၆း၄၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၈၂)**
- ၇း၃၀ ခုနှစ်နှစ်ပြည့် MRTV-4 ကုသိုလ်အလှူ
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
- ၈း၅၀ ဟိုတယ်လမ်းညွှန်
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၂၄)**
- ၁၀း၂၀ FIFA U-20 WORLD CUP COLOMBIA 2011 (Cameroon Vs New Zealand) DELAY
- ၁၂း၀၅ ပြည်နယ်ဂုဏ်ဆောင် ငွေတောင်ဆည်
- ၁၂း၁၅ JAPAN VIDEO TOPICS (Hina-Ningyo Dolls)
- ၁၂း၂၀ FIFA U-20 WORLD CUP COLOMBIA 2011 (Colombia Vs France) DELAY
- ၂း၀၅ ရွှေနန်းဆန်ဆန် ပုဂံဟန်ပန် Aureum Palace အသွင်သဏ္ဍာန်
- ၂း၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (Nigeria Vs Guatemala) LIVE
- ၄း၃၀ မြို့အလှဂုဏ်ကြွယ် ရိုးရာစားဖွယ်
- ၄း၄၀ ရိုးရာအစဉ်အလာ. . ယဉ်ကျေးမှုအဖြာဖြာ. . ပုဂံမြို့ရဲ့ ယွန်းပြတိုက်မှာ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရုရှားစုံစမ်းစစ်ဆေးရေးမှူးများ အမေရိကန်ပြည်ထောင်စုကို ဇူလိုင် ၃၁ မှ ဩဂုတ် ၈ ရက်ထိ လေကြောင်းဖြင့် ထောက်လှမ်းမည်

မော်စကို ဇူလိုင် ၃၀

အမေရိကန်ပြည်ထောင်စုနှင့် ချုပ်ဆိုထားသော ဟင်းလင်းပြင်များ ဖွင့်လှစ်ရေး သဘောတူစာချုပ်အရ ရုရှားစုံစမ်းစစ်ဆေးရေးမှူးများသည် အမေရိကန်ပိုင်နက်နယ်မြေများကို လေကြောင်းမှတစ်ဆင့် လေ့လာစူးစမ်းမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဌာနက စနေနေ့တွင် ပြောကြားသည်။

ဟင်းလင်းပြင်များ ဖွင့်လှစ်ရေးစာချုပ်အရ အမေရိကန်ပြည်ထောင်စုကို ရုရှားစုံစမ်းစစ်ဆေးရေးမှူးများက လေကြောင်းဖြင့် စူးစမ်းမှုများလုပ်ဆောင်ခဲ့ရာ ယခုစူးစမ်းလေ့လာမှုသည် ၂၀၁၁ ခုနှစ်အတွင်း အကြိမ် (၂၀) မြောက် ဖြစ်သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ရုရှားစုံစမ်းစစ်ဆေးရေးမှူးများသည် ဇူလိုင် ၃၁ ရက်မှ ဩဂုတ် ၈ ရက်အထိ တူပိုလက်ဗ် တီယူ-၁၅၄ အမ်အယ်လ်ကေ- 1 လေယာဉ်ဖြင့် အမေရိကန်ပြည်ထောင်စုတစ်ဝန်း စူးစမ်းလေ့လာကြမည်ဖြစ်ကြောင်း သိရသည်။

ရုရှားစူးစမ်းရေးလေယာဉ်သည် အမေရိကန်ပြည်ထောင်စု ကာလီဖိုးနီးယားပြည်နယ်ရှိ ထရာဗစ်လေတပ်စခန်းမှ ပျံသန်းရေး ခရီးစတင်မည်ဖြစ်ပြီး ၄၂၅၀ ကီလိုမီတာမျှ ခရီးနှင့်၍ စူးစမ်းလေ့လာမှုများ လုပ်ဆောင်မည်ဖြစ်သည်။ လေယာဉ်ပေါ်တွင် ရုရှားစုံစမ်းစစ်ဆေးရေးမှူးများနှင့်အတူ အမေရိကန်စုံစမ်းစစ်ဆေးရေးမှူးများလည်း လိုက်ပါမည်ဖြစ်ပြီး နိုင်ငံတကာ ဟင်းလင်းပြင်များ ဖွင့်လှစ်ရေးစာချုပ်ပါ သဘောတူညီချက်များအရ ထောက်လှမ်းရေးစနစ်များနှင့် ပစ္စည်းကိရိယာများအား ပူးပေါင်းကိုင်တွယ်ထိန်းချုပ်မည်ဖြစ်သည်။

စစ်ဘက်ဆိုင်ရာတပ်ဖွဲ့များနှင့် စစ်ရေးလှုပ်ရှားမှုများ ထင်သာမြင်သာရှိရေးနှင့် ပွင့်လင်းရေးတို့ကို တိုးမြှင့်ရန်အတွက် နိုင်ငံတကာဟင်းလင်းပြင်များ ဖွင့်လှစ်ရေးစာချုပ်အား အမေရိကန်ပြည်ထောင်စုနှင့် ရုရှားအပါအဝင် နိုင်ငံပေါင်း ၃၅ နိုင်ငံက ၁၉၉၂ ခုနှစ်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

အင်တာနက်။

လူဦးရေတိုးမြင့်လာမှုနှင့် ကြုံတွေ့နေရသော အာရှမြို့ကြီးတစ်မြို့ကို တွေ့ရစဉ်။

ယခုနှစ်တွင် ကမ္ဘာ့လူဦးရေ ခုနစ်ဘီလီယံအထိ ရောက်ရှိမည်

ကိန်းဘရစ်ဂ် ဇူလိုင် ၃၀

၂၀၁၁ ခုနှစ်၌ ကမ္ဘာ့လူဦးရေစုစုပေါင်းသည် ခုနစ်ဘီလီယံအထိရောက်ရှိမည်ဖြစ်ပြီး ၂၀၅၀ ခုနှစ်အရောက်တွင် ၂ ဒသမ ၃ ဘီလီယံ ထပ်တိုးလာမည်ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ဇူလိုင် ၂၈ ရက်တွင် ပြောကြားခဲ့သည်။

၂၀၅၀ ခုနှစ်၌ ထပ်တိုးလာမည့် လူဦးရေ ၂ ဒသမ ၃ ဘီလီယံသည် ၁၉၅၀ ခုနှစ် ကမ္ဘာ့လူဦးရေ စုစုပေါင်းပမာဏနှင့် ညီမျှသည်။

လက်ရှိကမ္ဘာ့လူဦးရေတိုးနှုန်းကြောင့် ယခင်က မဖြစ်ပေါ်ခဲ့ဖူးသော တစ်ကမ္ဘာလုံးဆိုင်ရာ ဖွားသေနှုန်းထား မညီမျှမှုနှင့် ကြုံရမည်ဖြစ်ကြောင်း ဟားဗတ်တက္ကသိုလ်မှ ကျွမ်းကျင်သူ ပညာရှင်တစ်ဦးက သုံးသပ်သည်။

၂၀၅၀ ခုနှစ်တွင် ထပ်တိုးလာမည့် လူဦးရေ ၂ ဒသမ ၃ ဘီလီယံ၏ အားလုံးနီးပါးမှာ ဖွံ့ဖြိုးမှုနိမ့်ကျသောနိုင်ငံများ၌ တည်ရှိမည်ဖြစ်ပြီး ယင်းပမာဏ၏ ထက်ဝက်နီးပါးသည် အာဖရိကတိုက်၌ တည်ရှိမည်ဖြစ်သည်။

ဖွံ့ဖြိုးပြီးနိုင်ငံများ၏ လူဦးရေးတိုးတက်မှုမှာ တည်ငြိမ်နေမည်ဖြစ်သော်လည်း သက်ကြီးပိုင်း များလာပြီး အလုပ်လုပ်နိုင်သည့် အရွယ်ကောင်းများနည်းပါးလာမည်ဖြစ်ကြောင်း ပညာရှင်များက သုံးသပ်သည်။

လူဦးရေနှုန်းထားနှင့်ပတ်သက်၍ ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအသီးသီးရင်ဆိုင်နေကြရသည့် ပြဿနာများမှာ တူညီခြင်းမရှိသော်လည်း လူသားများ ဖွားသေမှုနှုန်း မညီမျှမှု ပြဿနာမှာ တစ်ကမ္ဘာလုံးကြုံတွေ့ရမည့် ဘုံပြဿနာဖြစ်လာနိုင်ကြောင်း လေ့လာသူများက ပြောကြားသည်။

လူ့သမိုင်းခေတ်များတစ်လျှောက် ကမ္ဘာ့လူဦးရေတိုးနှုန်းသည် နှေးကွေးခဲ့ပြီး ၁၈၅၀ ခုနှစ်၌ ကမ္ဘာ့လူဦးရေစုစုပေါင်းသည် တစ်ဘီလီယံမျှသာ ရှိခဲ့သည်။

သို့ရာတွင် လွန်ခဲ့သည့်နှစ်ငါးဆယ်ကာလအတွင်း ကမ္ဘာ့လူဦးရေသည် သုံးဘီလီယံမှ ခုနစ်ဘီလီယံသို့ တစ်ရှိန်ထိုးမြင့်တက်လာခဲ့ကြောင်း ဟားဗတ်တက္ကသိုလ်က ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြသည်။

အင်တာနက်။

နော့ခ်တန်းမုန်တိုင်းကြောင့် မိုးအကြီးအကျယ်ရွာသွန်းခဲ့ရာ တရုတ်နိုင်ငံ ဟိုင်နန်ပြည်နယ်၌ ရေလွှမ်းမိုးမှုဖြစ်ပေါ်နေသည်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အပူပိုင်းမုန်တိုင်းဒဏ်ကြောင့် တရုတ်ပြည်သူ ၁၉၀၀၀၀ ခန့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရ

ပေကျင်း ဇူလိုင် ၃၀

တရုတ်နိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းဒေသသို့ နော့ခ်တန်းအမည်ရှိ အပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ဟိုင်နန်ပြည်နယ်မှ ပြည်သူ ၁၈၉၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ဆင်ဟွာသတင်းဌာနက ယနေ့ပြောကြားသည်။

နော့ခ်တန်းအပူပိုင်းမုန်တိုင်းသည် ဟိုင်နန်ပြည်နယ်ကုန်းတွင်းပိုင်းသို့ ဇူလိုင် ၂၉ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့သည်။ တစ်စက္ကန့်လျှင် ၂၈ မီတာအထက် လေတိုက်နှုန်းရှိသော ယင်းမုန်တိုင်းကြောင့် ဟိုင်နန်ပြည်နယ်၌ မိုးအကြီးအကျယ်ရွာသွန်း၍ ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့ရကြောင်း ဆင်ဟွာသတင်းဌာန၏ ထုတ်ပြန်ချက်၌ ဖော်ပြသည်။

နော့ခ်တန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ဟိုင်နန်ပြည်နယ် ကမ်းရိုးတန်းဒေသရှိ လူနေအိမ် ၁၄၈ လုံး ပျက်စီးခဲ့ရပြီး လူတစ်ဦး ဒဏ်ရာရခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

သို့ရာတွင် နော့ခ်တန်းအပူပိုင်းမုန်တိုင်းဒဏ်ကို ဟိုင်နန်ပြည်နယ်နှင့်အတူ ခံခဲ့ရသော ကွမ်တုံပြည်နယ်နှင့် ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ အပျက်အစီးဖြစ်ပေါ်မှု သတင်းမရရှိခဲ့ကြောင်း သိရသည်။

နော့ခ်တန်းမုန်တိုင်းသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ ဝင်ရောက်တိုက်ခတ်ခဲ့သော မုန်တိုင်းများအနက် အဌမမြောက် မုန်တိုင်းဖြစ်ပြီး အင်အားအပြင်းဆုံး မုန်တိုင်းလည်း ဖြစ်သည်။

ဆင်ဟွာ။

ကွန်ဂိုမြစ်တစ်စင်းအတွင်း မော်တော်ဘုတ်နှစ်စင်းတိုက်မိ လူ ၁၀၀ ကျော်သေဆုံး

ကင်ရှာဆ ဇူလိုင် ၃၀

ကွန်ဂိုနိုင်ငံ အီကွာတီးယားပြည်နယ်အတွင်းရှိ မြစ်တစ်စင်း၌ ဇူလိုင် ၂၅ ရက်ညက မော်တော်ဘုတ်နှစ်စင်းတိုက်မိရာ လူ ၁၀၀ကျော်သေဆုံးကြောင်း အသက်ရှင်သူတစ်ဦးက သောကြာနေ့တွင် ပြောကြားသည်။

ယင်းမော်တော်ဘုတ်နှစ်စင်းသည် လူ ၂၀၀ကျော် တင်ဆောင်လာခဲ့သည်ဖြစ်ရာ ယခုအချိန်ထိ အသက်ရှင်သူ ၈၃ဦးသာလျှင်ရေတွက်ရရှိကြောင်း အဆိုပါ အသက်ရှင်သူက ပြောကြားသည်။ **ရိုက်တာ။**

ဒဗလျူအက်ဖ်ပီ၏ ဒုတိယမြောက် ရိက္ခာတင်လေယာဉ် မိုဂါဒစ်ရှူးလေဆိပ်သို့ ဆိုက်ရောက်စဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆိုမာလီသို့ ကုလသမဂ္ဂ ဒုတိယရိက္ခာလေယာဉ်ဆိုက်ရောက်

ဂျီနီဗာ ဇူလိုင် ၃၀

ငတ်မွတ်ခေါင်းပါးခြင်းကပ်ဘေးကျရောက်လျက်ရှိသော ဆိုမာလီနိုင်ငံသို့ အာဟာရဖြည့်စွက်စာများ ၁၀တန်ကျော် တင်ဆောင်လာသည့် ဒုတိယမြောက်လေယာဉ်သည် ဆင်းသက်ခဲ့ပြီဖြစ်ကြောင်း ကုလသမဂ္ဂက ပြောကြားသည်။

ယင်းနိုင်ငံတွင် အာဟာရပြတ်လပ်လျက်ရှိသည့် ကလေးများကို ပြုစုကျွေးမွေးစောင့်ရှောက်ရန် အလျင်အမြန်လိုအပ်လျက်ရှိသည်ဟုဆိုသည်။

ယခုဒုတိယအကြိမ်အပါအဝင် မိုဂါဒစ်ရှူးမြို့သို့ အသင့်စားသောက်နိုင်သည့် ရိက္ခာ ၃၁ တန် နီးပါးကို လေယာဉ်ဖြင့် ပို့ဆောင်ပေးပြီးဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (ဒဗလျူအက်ဖ်ပီ)က ဇူလိုင် ၂၉ ရက်တွင် ပြောကြားသည်။

လာမည့်ရက်သတ္တပတ်များအတွင်း လေကြောင်းမှပေးပို့ရန်ရှိသည့် အစီအစဉ်များစွာအနက်မှ ပထမဆုံးအဖြစ် မြေပဲထောပတ် ၁၀ တန် တင်ဆောင်လာသည့် ဒဗလျူအက်ဖ်ပီ လေယာဉ်တစ်စင်းသည် ဇူလိုင် ၂၆ ရက်က မိုဂါဒစ်ရှူးသို့ ဆိုက်ရောက်ခဲ့သည်။

အာဖရိကဦးချိုဒေသ၌ မိုးခေါင်သောကြောင့် အစာရေစာပြတ်လပ်လျက်ရှိသည့် လူဦးရေ ၁၁ ဒသမ ၅ သန်းကို နောက်ထပ် ခြောက်လကျွေးမွေးရန်အတွက် ယခုအထိ ရရှိထားပြီးဖြစ်သည့် လျှုဒါန်းငွေ ဒေါ်လာ သန်း ၂၅၀၏နှစ်ဆ လိုအပ်မည်ဖြစ်ကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ ပြောရေးဆိုခွင့်ရှိသူ အီဖီလီယာကာဆီးလ်လာက ပြောကြားခဲ့သည်။

အေပီ။

အီရတ်နိုင်ငံ၌ ယခုနှစ်အတွင်း ဘေးအန္တရာယ် ပိုမိုများပြားလာ

ဘဂ္ဂဒက် ဇူလိုင် ၃၀

မကြာခဏဖြစ်ပွားတတ်သော ဗုံးခွဲတိုက်ခိုက်မှုများ၊ လုပ်ကြံသတ်ဖြတ်မှုများနှင့် ရှီးယိုက် ပြည်သူ့စစ်အဖွဲ့ဝင်များ၏ အကြမ်းဖက်မှုများကြောင့် ယခုနှစ် အီရတ်နိုင်ငံသည် ပြီးခဲ့သည့်နှစ်ကထက် ဘေးအန္တရာယ်ပိုများလာကြောင်း အမေရိကန်အစိုးရအဖွဲ့အစည်းတစ်ရပ်က ယနေ့ထုတ်ပြန်သော အစီရင်ခံစာတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံသည် လိုအပ်သောစီမံကိန်းများ ဖော်ဆောင်နိုင်ရေးအတွက် အလွန်အန္တရာယ်များသည့် နေရာတစ်ခုဖြစ်နေဆဲဖြစ်ကြောင်း ယင်းနိုင်ငံ၏တိုးတက်မှုနှင့် ဆုတ်ယုတ်မှုအခြေအနေများအား ဖော်ပြထားသော စာမျက်နှာ ၁၇၂ မျက်နှာပါ အစီရင်ခံစာ၌ ဖော်ပြထားသည်။

ယခုနှစ် ဇွန်လအတွင်းက အီရတ်စစ်မြေပြင်၌ အမေရိကန်တပ်ဖွဲ့ဝင် ၁၅ ဦး သေဆုံးခဲ့ရာ နှစ်နှစ်တာကာလအတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ အသေအပျောက် အများဆုံးလဖြစ်ခဲ့ရကြောင်း အစီရင်ခံစာ၏ အဆိုအရ သိရသည်။

အစိုးရရုံးဌာနများ၊ နိုင်ငံခြားသံရုံးများ တည်ရှိသော ဘဂ္ဂဒက်မြို့တော်ရှိ လုံခြုံရေးအထူးကြပ်မတ်ထားရာ အစိမ်းရောင်နယ်မြေကို ဒုံးကျည်ဖြင့် ပစ်ခတ်တိုက်ခိုက်မှုများ တိုးမြင့်လာပြီး အီရတ်နိုင်ငံရေးခေါင်းဆောင်များ၊ လုံခြုံရေးတာဝန်ရှိသူများနှင့် တရားသူကြီးများအား လုပ်ကြံသတ်ဖြတ်ရန် ကြိုးပမ်းမှုများလည်း အဆက်မပြတ်ဖြစ်ပေါ်နေကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

အီရတ်နိုင်ငံ၏ လုံခြုံရေးအခြေအနေသည် အလွန်ကောင်းမွန်ကြောင်း ဖော်ပြထားသော အစီရင်ခံစာတစ်စောင်ကို အမေရိကန်စစ်ဘက်က ပြီးခဲ့သည့်မေလက ထုတ်ပြန်ခဲ့ဖူးသော်လည်း ယင်းအစီရင်ခံစာသည် အီရတ်နိုင်ငံ၏အခြေအနေကို အပေါ်ယံရှုပ်၍သာ သုံးသပ်ထားခြင်းဖြစ်ကြောင်း လေ့လာသူများက ပြောကြားကြသည်။ ***အင်တာနက်။***

အမေရိကန်သံတမန်များ နိုင်ငံအတွင်း ခရီးသွားလာခွင့် ပါကစ္စတန် ကန့်သတ်

အစ္စလာမ္မာဘတ် ဇူလိုင် ၃၀

အမေရိကန်သံတမန်များ နိုင်ငံအတွင်း ခရီးသွားလာခွင့်ကို ပါကစ္စတန်နိုင်ငံက ကန့်သတ်ခဲ့ရာ နှစ်နိုင်ငံအကြား ဆက်ဆံရေးပြိုကွဲနေမှု၏ လက္ခဏာတစ်ရပ်ဖြစ်ကြောင်း ဇူလိုင် ၃၀ ရက်သတင်းများတွင် ဖော်ပြထားသည်။

အမေရိကန်သံတမန်အားလုံးသည် အစ္စလာမ္မာဘတ်မြို့တော်မှ ပြင်ပသို့ထွက်ခွာသွားလာလိုပါက အထူးခွင့်ပြုချက် ရယူရမည်ဖြစ်ကြောင်း ပါကစ္စတန် နိုင်ငံခြားရေးဝန်ကြီးဌာနက ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံရုံးသို့ ပေးပို့သောစာတွင် ဖော်ပြထားသည်။ ယခုနှစ် မေ ၂ ရက်က အမေရိကန်အထူးတပ်ဖွဲ့ဝင်များ ပါကစ္စတန်နိုင်ငံအတွင်း ဝင်ရောက်၍ အယ်လ်ခိုင်ဒါ အကြမ်းဖက် ကွန်ရက်ခေါင်းဆောင် အိုစမာဘင်လာဒင်ကို သုတ်သင်ရှင်းလင်းခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေးမှာ ဆိုးဆိုးရွားရွား ယိုယွင်းခဲ့ရသည်။ ပါကစ္စတန်နိုင်ငံက အမေရိကန်သံတမန်များအား ခရီးသွားလာခွင့်ကန့်သတ်လာမှုသည် အိမ်ရှင်နိုင်ငံ၏ တားမြစ်နေရာများမှအပ ကျန်နေရာများသို့ သံတမန်များအနေဖြင့် လွတ်လပ်စွာ သွားလာခွင့်ရှိရမည်ဟူသော ဗီယင်နာ သဘောတူညီချက်ကို ချိုးဖောက်ရာရောက်ဖွယ်ရှိသည်။ ***အေပီ။***

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် ရန်ကုန် - စစ်တွေလမ်းပေါ်ရှိ အမ်းချောင်း(အောက်ရွာ) တံတားတည်ဆောက်ရေးစီမံကိန်းနှင့် အမ်း - စစ်တွေလမ်းရှိ မဲတောင်ရှောင်ကွင်းလမ်း ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် သယု(ပဲပဒုံ)တံတားကြီး ကြံခိုင်မှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)



နေပြည်တော် ဇူလိုင် ၃၀

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၂၇ ရက် ညနေပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့နယ်ရှိ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း သံတွဲခရိုင်အင်ဂျင်နီယာမှူးရုံးသို့ သွားရောက်၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် သံတွဲခရိုင်အတွင်း လမ်း၊ တံတားများပျက်စီးမှုများအား ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများ စည်းကမ်းတကျနေထိုင်ရေး၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲအလိုက် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေးနှင့် လမ်း၊ တံတားများ၏ ကြံ့ခိုင်မှုများအား စနစ်တကျကြပ်မတ် ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းတွင် အမ်းမြို့နယ် ရန်ကုန်-စစ်တွေကားလမ်းရှိ မိုင်တိုင်အမှတ်(၉၁/၃)၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၁၆)က တာဝန်ယူတည်ဆောက်နေသော အမ်းချောင်း(အောက်ရွာ) တံတားတည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိ စစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဇော်က ကမ်းကပ်ခုံ (A1,A2) ဆောက်လုပ်ပြီးစီးမှုအခြေအနေ၊ ရေလယ်တိုင် (Bored Pile) တူးဖော်နေမှု၊ ဝန်ထမ်းအင်အား၊ ပစ္စည်းရရှိမှုနှင့် စက်ယန္တရားစာရင်းများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက တံတားကြီးအား အမြန်ပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းစေရေးတို့နှင့် စပ်လျဉ်း၍ မှာကြားသည်။

ထို့နောက် အမ်း - စစ်တွေလမ်းရှိ မိုင်တိုင်အမှတ် (၉/၀)မှ (၁၁/၀)အထိ မဲတောင်ရှောင်ကွင်း (၂မိုင် ၄ဖာလုံ) လမ်းသစ်ဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လမ်းများပေါ် ရေမတင်စေရန် ရေနုတ်မြောင်းများ ဖောက်လုပ်ရေး၊ ကျောက်စီနံရံများအား ခိုင်မာစွာပြုလုပ်ရေးတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် မိုင်တိုင်အမှတ်(၂၇/၀)ရှိ ဇူလိုင်လ တတိယအပတ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပေ ၉၀၀ ရှည် ဒါးလက်ချောင်းတံတားမှ ရေလယ်တိုင်အမှတ် (P7) လဲကျ၍ ဘေလီသံပေါင် ၁၃ လက်မခန့် ညွှတ်ကျမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အမ်းမြို့နယ် အဆောက်အအုံ အထူးအဖွဲ့(၇) အစည်းအဝေးခန်းမ၌ အဆောက်အအုံ အထူးအဖွဲ့(၇)၊ လေယာဉ်ကွင်းအထူးအဖွဲ့(၈)၊ တံတားအထူးအဖွဲ့(၁၀)၊ (၁၆)၊ ကျောက်ဖြူခရိုင်အင်ဂျင်နီယာရုံး၊ အမ်းမြို့နယ် အင်ဂျင်နီယာရုံးတို့မှ ဝန်ထမ်းများနှင့် လမ်းဖောက်လုပ်လျက်ရှိသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တာဝန်ရှိသူများက ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် လမ်း၊ တံတားလုပ်ငန်းများ၏ ဆောင်ရွက်မှုအခြေအနေ၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကျောက်ဖြူခရိုင်အတွင်း လမ်း၊ တံတား ပျက်စီးမှုများအား ပြုပြင်ဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ စနစ်တကျ စည်းကမ်းရှိစွာ နေထိုင်ရေး၊ ခရိုင်/မြို့နယ်များအလိုက် လုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရေး၊ လမ်း၊ တံတားများ၏ ကြံ့ခိုင်မှုများကို ကြပ်မတ်ဆောင်ရွက်သွားရေးနှင့် ကုမ္ပဏီများ အနေဖြင့်လည်း လမ်း၊ တံတားများအား သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရေးတို့ကို မှာကြားခဲ့သည်။

ထို့နောက် သယု(ပဲပဒုံ)တံတားကြီး ကြံ့ခိုင်မှုကို လည်းကောင်း၊ အမ်းမြို့နယ် အင်ဂျင်နီယာရုံး၌ ဝန်ထမ်းအင်အား အခြေအနေနှင့် ရုံးအဆောက်အအုံတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃၁-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း		
၇း၀၄	၁။	နိုင်ငံတော်သီချင်း
၇း၀၅	၂။	တရားတော်
၇း၁၅	၃။	ဓမ္မပူဇာတေး
၇း၂၀	၄။	မျိုးချစ်တပ်မတော်
၇း၂၅	၅။	မြန်မာ့ရှုခင်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
နေ့လယ်ပိုင်း		
၁၁း၀၄	၁။	နိုင်ငံတော်သီချင်း
၁၁း၀၅	၂။	အဖွင့်သီချင်း
၁၁း၁၀	၃။	မျိုးချစ်တပ်မတော်
၁၁း၂၀	၄။	**ကာတွန်းအစီအစဉ် -ဘေ့စ်ဘောကြယ်ပွင့်များ (အပိုင်း-၂၆)(ဇာတ်သိမ်း)**
၁၁း၄၀	၅။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ခဏတာကွန်းခိုရာ**
၁၂း၃၀	၆။	ကျန်းမာသုတ
၁၂း၄၀	၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သောနှလုံးသား (အပိုင်း-၃)**
ညပိုင်း		
၄း၀၂	၁။	နိုင်ငံတော်သီချင်း
၄း၀၃	၂။	အဖွင့်သီချင်း
၄း၁၀	၃။	မျိုးချစ်တပ်မတော်
၄း၁၅	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၂၀	၅။	လျှပ်တစ်ပြက်
၄း၃၀	၆။	သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၅	၇။	မြန်မာ့ရှုခင်း
၅း၀၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀	၉။	ဒီဇိုင်နာတို့ရဲ့ဒီဇိုင်း
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀	၁၁။	အမျိုးသားရေးတေးကဗျာ
၆း၃၀	၁၂။	ဘဝကြေးမုံ -ခုနစ်ရွက်တစ္ဆေ (အကယ်ဒမီမိုးဒီ၊ အကယ်ဒမီခင်မို့မို့အေးနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀	၁၃။	ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဘဝရဲ့တမ်းတခြင်း (အပိုင်း-၁၀)**
၈း၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	အမျိုးသားရေးတေးကဗျာ
	၁၇။	နိုင်ငံတကာသတင်း
	၁၈။	မိုးလေဝသသတင်း
	၁၉။	ယနေ့ရန်ကုန်မြင်ကွင်းစုံ
	၂၀။	ပဟေဠိနန်းတော်
	၂၁။	ကျန်းမာသုတ
	၂၂။	ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ပေါင်မုန့်အချစ်အိပ်မက်လေးရယ် (အပိုင်း-၂၅)**
	၂၄။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **-အိမ်အပြန်လမ်း (အပိုင်း-၆၉)**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် မီးသတ်တပ်ဖွဲ့စခန်း (ရှာဖွေကယ်ဆယ်ရေးအဖွဲ့) အတွက် World Vision (Myanmar)ဘိုကလေးမှ သဘာဝဘေးအန္တရာယ် အရေးပေါ်သုံးရှာဖွေကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပရာ စီမံချက်မန်နေဂျာ ဒေါ်နော်မော်ရင်းကိုလေးက ငွေကျပ် ၈၇၇၀၀၀ တန်ဖိုးရှိ သဘာဝဘေးအန္တရာယ် အရေးပေါ်သုံး ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို မြို့နယ်မီးသတ်စခန်းတာဝန်ခံ ဦးထွန်းသိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၅၄၀)

ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း ဘားအံမြို့နယ်၌ ကျောင်းဆောင်သစ် အုတ်မြစ်ချအခမ်းအနား တက်ရောက်

နေပြည်တော် ဇူလိုင် ၃၀

ကရင်ပြည်နယ် ဘားအံမြို့နယ် တောင်သူကုန်းကျေးရွာ အမှတ်(၈၉) အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်ရေး အုတ်မြစ်ချမင်္ဂလာ အခမ်းအနားကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီတွင် အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်း

ယင်းနောက် ကျောင်းဆောက်လုပ်ရေး အလှူရှင် (အန်န်အာစီ)မှ တာဝန်ရှိသူတစ်ဦးက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းနှင့် ကျောင်းဆောင်သစ် ဆောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ကျောင်းဆောက်လုပ်ရေးအလှူရှင် (အန်န်အာစီ)မှ တာဝန်ရှိသူတစ်ဦးနှင့် ပြည်နယ်ဝန်ကြီးများက မင်္ဂလာအုတ်မြစ်ချပေးကြသည်။

ငွေထုတ်ချေး

မွန်းလွဲပိုင်းတွင် ဘားအံမြို့ ရွှေယဉ်မျှော်ပြည်တော်ဇေတီရင်ပြင်၌ သံလွင်မြစ်ရေမြင့်တက်မှုကြောင့် မြေနိမ့်ပိုင်းရပ်ကွက်များမှ မြို့နေပြည်သူအချို့အား ယာယီပြောင်းရွှေ့နေရာချထားပေးခဲ့ရာ ၎င်းတို့အနက် ဆင်းရဲနွမ်းပါးပြီး အရင်းအနှီး မရှိသော မိသားစုများအား ပြည်နယ်သမဝါယမအသင်းက ရင်းနှီးငွေထုတ်ချေးပေးမှု အစီအစဉ်ဆောင်ရွက်ရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်းက အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ရင်းနှီးငွေများထုတ်ပေးခဲ့ကြသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ အင်းစိန်မြို့နယ် (၄)လမ်း ဘုရင့်နောင်ရိပ်သာနေ ဦးစိုးနိုင်-ဒေါ်တင်မိုးစမ်း၊ သား မောင်ကျော်ဇင်လင်း၊ သမီး မထက်အင်ကြင်း [Grade (1) တီတီစီ(လှိုင်)] (၅)နှစ်ပြည့်မွေးနေ့အထိမ်းအမှတ် ထာဝရအထွေထွေပဒေသာပင်နှင့် တစ်နေ့လုံးစာ အထူးအာဟာရကျွေးမွေးရန် ငွေကျပ်ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်အောင်စာပေ စာတည်းအဖွဲ့၏ လုပ်ငန်းခွင်သုံးအင်္ဂလိပ်စာ Guide to English For Business by Barbara Campbell ကို ရန်အောင်စာပေမှ ဖြန့်ချိလိုက်သည်။ ဤစာအုပ်သည် အင်္ဂလိပ်စာ လေ့လာသင်ကြားနေသူများ၊ စီးပွားရေးလောကတွင် ယုံကြည်မှုအပြည့်ဖြင့် ရပ်တည်လုပ်ကိုင်နိုင်ရေးကို ရည်ရွယ်၍ ပြုစုထားသော စာအုပ်ဖြစ်သည်။ စီးပွားရေးနှင့် ပတ်သက်သော သင်တန်းများကို တက်ရောက်နေသူများအပြင် စီးပွားရေးလောကသို့ ရောက်ရှိနေပြီးဖြစ်သော သူတို့ကိုပါ အင်္ဂလိပ်စာဘာသာ အထောက်အကူပြုနိုင်သော စာအုပ်ဖြစ်သည်။

ဤစာအုပ်ကို စီးပွားရေးလောကအမျိုးမျိုးနှင့် ပတ်သက်သူများ နှစ်သက်ပြီး တယ်လီဖုန်းဆက်၊ အီးမေးလ်ပေးပို့ရာမှသည် လုပ်ငန်းခွင်ဆွေးနွေးညှိနှိုင်းမှုပြုခြင်းနှင့် ဘဏ္ဍာရေးအစီရင်ခံစာများ ရေးသားသည်အထိ လုပ်ငန်းခွင်တွင် ဆောင်ရွက်ရသည့် ကိစ္စမှန်သမျှတွင် အထောက်အကူပြုမည်ဖြစ်သဖြင့် စီးပွားရေးလုပ်ငန်း လုပ်ကိုင်သူတိုင်း မရှိမဖြစ် ဆောင်ထားရမည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်ပြီး ဖုန်း-၀၁-၇၂၂၅၇၂၊ ၀၉-၅၁၇၉၃၉၈ သို့ ဆက်သွယ်မှာယူနိုင်သည်။

စာပေဗိမာန် စာအုပ်အသင်း စာအုပ် ဖြန့်ချိ

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်စာအုပ်အသင်းက ၂၀၀၈ ခုနှစ် စာပေဗိမာန်စာမူဆု သုတပဒေသာ (ဝိဇ္ဇာပညာရပ်)ပထမဆုရ သန်းထွန်း(မော်လမြိုင်)ရေးသားသည့် "မြန်မာနိုင်ငံဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များသမိုင်း"စာအုပ်ကို စာအုပ်အသင်း၏ (၇၄)အုပ်မြောက် စာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အသင်း၌ လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ စာတိုက်မှတစ်ဆင့် ပေးပို့လျက်ရှိသည်။

စာပေဗိမာန် စာအုပ်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ်(၅၂၉/၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်နိုင်သည်။

လမ်းခင်းရန် ပြုပြင်ဆောင်ရွက်

ဝါးခယ်မ ဇူလိုင် ၃၀

ဝါးခယ်မမြို့ ရွာသစ်ရပ်ကွက်နေ ပြည်သူများ ထည့်ဝင်ငွေဖြင့် ခရေမြိုင်လမ်းအား ကွန်ကရစ်လမ်းခင်းရန် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးပြည့်ဖြိုးပိုင် လုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၃၀ ရက်က အမှုဆောင်အရာရှိ ဦးကျော်နိုင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးကျော်မျိုးအောင်တို့က ကွင်းဆင်းစစ်ဆေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဘေးဒဏ်ဆီးကာ

စိုးမောင်မောင်(ကယ်ဆယ်ရေး)

ကျွန်တော်တို့ မြန်မာပြည်သူအများစုက "ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း ဩဘာနိမိတ်ထွန်း" ဆိုတဲ့စကားကို လက်ခံထားကြပေတာမို့ စာရေးသူအနေနဲ့ သဘာဝဘေးနဲ့ပတ်သက်တဲ့ အကြောင်းအရာများကို ရေးတိုင်း လက်တွန့်ခဲ့မိတာတော့အမှန်ပါ။ သို့သော်လည်း ဆိုရေးရှိကဆိုအပ်လှတဲ့ အခြေအနေမျိုး ဖြစ်လာပြန်တော့ ပြည်သူတွေထံ သဘာဝဘေးဆိုင်ရာ အသိပညာများ မျှဝေတင်ပြလိုက်ရပြန်ပါပြီ။

၂၀၁၁ ခုနှစ် နှစ်ဆန်းကတည်းက ကြုံရတဲ့ရာသီဥတုကလည်း အတော်ဆန်းနေပြန်ပါတယ်။ နှစ်စဉ် ပူလောင်နေကျ နွေရာသီမှာ အအေးဓာတ်ဝင်လာတဲ့ထိ မိုးရွာခဲ့တာ မှတ်မိနေကြဦးမှာပါ။ ဇွန်လ ဒုတိယပတ်ရောက်ရုံပဲရှိသေးချိန်မှာ မြစ်ရေကြီးခြင်းသတိပေးချက် ထုတ်ပြန်ခဲ့ရလောက်အောင် ငဝန်၊ လှိုင်းဘွဲ့၊ သံလွင်၊ ချင်းတွင်း၊ ဧရာဝတီ၊ စစ်တောင်း၊ ပဲခူးမြစ်တွေမှာ ရေကြီးခဲ့ရာက ဇူလိုင်လလည်းရောက်ရော မြို့တွေရဲ့ စိုးရိမ်ရေမှတ်တွေ ကျော်လာခဲ့ပါတယ်။ အနိမ့်ပိုင်း မြို့၊ ရွာ၊ ရပ်ကွက်တွေ ရေလွှမ်းခဲ့ပါတယ်။ ဒီတော့ ဒေသအာဏာပိုင်တွေရဲ့ အစီအမံတွေနဲ့ ကယ်ဆယ်ရေးစခန်းတွေ ဖွင့်ပြီး ရေဘေးသင့်ပြည်သူတွေကို ကူညီစောင့်ရှောက်မှုများ လုပ်ကြရပါတော့တယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင်လည်း ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ပြည်နယ်အတွင်း ရေဘေးသင့်ကယ်ဆယ်ရေးစခန်းတွေရှိရာ ပဲခူး၊ ဟင်္သာတ၊ ငါးသိုင်းချောင်း၊ ဂွ၊ တောင်ကုတ်၊ သံတွဲ၊ မြောက်ဦး၊ မင်းပြား၊ အမ်းမြို့က ရေဘေးသင့်ပြည်သူတွေဆီကို အရောက်သွားလို့ ကြည့်ရှုစောင့်ရှောက် အားပေးစကားပြောကြားခဲ့တာ၊ ကယ်ဆယ်ရေးပစ္စည်းတွေ ပံ့ပိုးထောက်ပံ့တာ၊ လတ်တလော စားဝတ်နေရေးအတွက် ကူညီပေးခဲ့ရုံသာမက ကျန်းမာရေးစောင့်ရှောက်မှုပေးတာ၊ ပညာရေးနှောင့်နှေးမှုမဖြစ်အောင် လမ်းညွှန်စီမံမှုတွေ ပြုလုပ်ပေးခဲ့တာအားလုံး နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် တွေ့ကြ၊ မြင်ကြရပါတယ်။ ခရီးစဉ်အတွင်း ရေဘေးသင့်ပြည်သူတွေအပါအဝင် ဒေသခံပြည်သူတွေ၊ အာဏာပိုင်အဖွဲ့အစည်းတွေ၊ နိုင်ငံ့ဝန်ထမ်းတွေနဲ့ တွေ့ဆုံစဉ် နိုင်ငံတော်သမ္မတကြီးရဲ့ မေတ္တာအပြည့်နဲ့ နွေးထွေးတဲ့ဆက်ဆံမှုတွေ၊ လမ်းညွှန်ဩဝါဒတွေဟာ ဘေးသင့်ပြည်သူတွေအတွက် ခွန်အားကို ဖြစ်စေခဲ့တာလည်း အမှန်ပါ။

ခရီးစဉ်တစ်လျှောက် သမ္မတကြီးရဲ့ ဩဝါဒတွေကို အနှစ်ချုပ်ကြည့်ရင် ယခုအခါ တစ်ကမ္ဘာလုံးမှာ ရာသီဥတုဖောက်ပြန်နေပြီး အင်အားပြင်းထန်တဲ့ ငလျင်ကြီးများ၊ ဆူနာမီရေလှိုင်းကြီးများ၊ မီးတောင်ပေါက်ကွဲမှုများ၊ ရေလွှမ်းမိုးနစ်မြုပ်မှုများကြောင့် အသေအပျောက် များပြားနေကြောင်း၊ အချို့နိုင်ငံတွေမှာ မိုးခေါင်ပြီး အစာရေစာ ပြတ်လပ်နေကြောင်း၊ နိုင်ငံတကာနှင့် ယှဉ်လျှင် မိမိတို့နိုင်ငံဟာ ပျက်စီးဆုံးရှုံးမှုပမာဏ နည်းပါးကြောင်း၊ ရာသီဥတုဖောက်ပြန်လို့ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ကျော်လွှားနိုင်မယ့် နည်းလမ်းများစဉ်းစားပြီး ကြိုတင်ကာကွယ်မှုလုပ်ငန်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လာမယ့် မိုးနှောင်းကာလအတွင်း မြစ်ကမ်းပါးကို ကာကွယ်ထားတဲ့ တာတမံများမကျိုးပေါက်စေရန် တာဝန်ရှိသူများက ဂရုပြုစောင့်ကြပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသအာဏာပိုင်များနဲ့အတူ ပြည်သူအားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်မည်ဆိုပါက ဘယ်လိုဘေးမျိုးမဆို ကြံ့ကြံ့ခံ တွန်းလှန်အောင်မြင်နိုင်မည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် လမ်းညွှန်မှာကြားခဲ့ပါတယ်။ ရေရှည်သဘာဝဘေး ကာကွယ်ရေးအတွက် လိုက်နာလုပ်ဆောင်ဖို့ လုပ်ငန်းစဉ်တွေအဖြစ် ခံယူရပါမယ်။

ကမ္ဘာတစ်ဝန်းမှာ အကြိမ်ကြိမ်တွေ့ကြုံခဲ့ရတဲ့ သဘာဝဘေးများအပေါ် သင်ခန်းစာဖော်ထုတ်ချက်များအရ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ဘေးဒဏ်ခံနိုင်ရည်ရှိတဲ့ နိုင်ငံ (သို့မဟုတ်) မြို့တော်ဆိုတာ မရှိသေးပါဘူး။ ဘေးအမျိုးမျိုးမှ ထွက်ပေါ်လာတဲ့ အန္တရာယ်များနဲ့အတူ သဘာဝတရားရဲ့ပြုမူမှု (ဒဏ်ခတ်မှု)ကို လူသားတွေ မလွှဲသာမရှောင်သာ တွေ့ကြုံနေကြရဦးမှာပါ။ အဲဒီတော့ အန္တရာယ်တွေကို ဆက်ပြီးတိုးပွားလာအောင် ဆက်လုပ်မလား၊ ယုတ်လျော့သွားအောင်လုပ်မလား၊ ကျွန်တော်တို့အားလုံးရဲ့ လုပ်ဆောင်ချက်တွေက အဲဒီအကောင်း ဒါမှမဟုတ် အဆိုး ကြိုက်ရာကို ဖြစ်စေမှာပါ။ အဲဒီအတွက် ကွဲပြားခြားနားစေမယ့် အဓိကအချက်ကတော့ ကြိုတင်ပြင်ဆင်မှုတွေပါ။ ကြိုတင်ပြင်ဆင်မှုကွဲပြားတာနဲ့အမျှ ဘေးအန္တရာယ်တိုးပွားခြင်း၊ လျော့သွားခြင်းတွေဟာ ဆန့်ကျင်ဘက်ဆီကို ဦးတည်သွားနေပါတယ်။ ကြိုတင်ပြင်ဆင်မှုကောင်းပြီဆိုရင်တော့ သဘာဝဘေးဖြစ်ပွားမှုတွေ လျော့နည်းလာမယ်။ သဘာဝဘေးကြောင့် ဆုံးရှုံးမှုတွေနည်းပါးသွားမယ်။ နိုင်ငံတော်နဲ့ပြည်သူပိုင် အဆောက်အအုံတွေ ပျက်စီးမှုလျော့သွားမယ်။ နိုင်ငံသားတွေရဲ့အသက်တွေ၊ ဘဝတွေကို အကြောင်းမဲ့ဆုံးရှုံးမှုကြောင့် နိုင်ငံ့စွမ်းအားတွေ ယုတ်လျော့မှုမှ ကာကွယ်နိုင်ပြီး မိသားစုတွေရဲ့ မျက်ရည်တွေစီးကျမှုကို တားဆီးနိုင်ပါမယ်။ သဘာဝဘေးအန္တရာယ်နဲ့ပတ်သက်တဲ့ ကြိုတင်ပြင်ဆင်မှုတွေအတွက် ရင်းနှီးမြှုပ်နှံမှုတွေ မလုပ်ခဲ့ရင်တော့ ကြီးမားတဲ့ ဆုံးရှုံးမှုတွေ မလွဲမသွေ ရင်ဆိုင်ကြရပါမယ်။

ကမ္ဘာ့ကုလသမဂ္ဂကတော့ နိုင်ငံအသီးသီးအနေနဲ့ ကြိုတင်သတိပေးမှုတွေ၊ ကြိုတင်ပြင်ဆင်မှုတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ ရေဘေးနဲ့ မုန်တိုင်းဘေးတို့မှာ သေဆုံးမှုများ ကျဆင်းသွားခြင်းကို ကြည့်ခြင်းအားဖြင့် သိနိုင်တယ်လို့ ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ ကမ္ဘာတစ်ဝန်းလုံးမှာ ဆောင်ရွက်နေကြတဲ့ လုပ်ငန်းတိုင်းမှာ ဘေးအန္တရာယ်လျှော့ချရေး၊ ကြိုတင်ပြင်ဆင်ရေး၊ ပြောင်းလဲနေတဲ့ရာသီဥတုနဲ့ လိုက်လျောညီထွေတ်မျှတစွာ နေထိုင်နိုင်ရေးတို့ကို ထည့်သွင်းပေါင်းစပ်လုပ်ဆောင်ဖို့ကိုလည်း တိုက်တွန်းထားပါသေးတယ်။ ဖွံ့ဖြိုးမှုအားနည်းတဲ့နိုင်ငံတွေနဲ့ ကျွန်းစုနိုင်ငံငယ်လေးတွေအနေနဲ့ ဘေးအန္တရာယ်ကျရောက်ချိန်မှာ ဆိုးဆိုးရွားရွား ထိခိုက်ကြရခြင်းရဲ့ အကြောင်းရင်းတွေကတော့ ဆင်းရဲနွမ်းပါးခြင်း၊ ရာသီဥတုဖောက်ပြန်မှုနဲ့ မိုးလေဝသအခြေအနေတို့ကြောင့်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိနိုင်ပါတယ်။ ဒီတော့ သဘာဝဘေးနဲ့ ရာသီဥတုပြောင်းလဲမှုတို့အတွက် ကြိုတင်စီမံထားတာတွေ မရှိရင် ဘယ်လောက်ပဲဖွံ့ဖြိုးတိုးတက်အောင် အားထုတ်စေကာမူ အရာထင်နိုင်မယ်မဟုတ်တာ အမှန်တရားပါ။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ မြန်မာနိုင်ငံ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ဟာ ပြောင်းလဲနေတဲ့ ရာသီဥတုအခြေအနေ၊ မြန်မာနိုင်ငံမှာ ကြုံခဲ့ဖူးတဲ့ ရေဘေးဖြစ်စဉ်များ၊ လတ်တလောရရှိတဲ့ မိုးလေဝသသတင်းနဲ့ သုတေသနပြုချက်များအရ ယခုနှစ်မိုးကာလမှာ မြန်မာနိုင်ငံတစ်ဝန်း ရေကြီး၊ ရေလွှမ်းမိုးမှု ကြုံရတော့မယ်ဆိုတာ ကြိုတင်တွက်ဆခဲ့ပြီး ပြည်နယ်နဲ့ တိုင်းဒေသကြီးများရှိ အစိုးရအဖွဲ့များထံ ရေဘေးကြုံလာရင်ဖြစ်တတ်တဲ့ အန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရန် လိုအပ်တဲ့ အကြံပြုစာများ ပေးပို့ခဲ့ပါတယ်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနကလည်း ရေဘေးနဲ့ပတ်သက်တဲ့ အသိပညာပေး လက်ကမ်းစာစောင်များ၊ နံရံကပ်ပိုစတာများ ဖြန့်ဝေခြင်း၊ နေ့စဉ်ထုတ် သတင်းစာများမှာ သဘာဝဘေးဆိုင်ရာ ပညာပေးဆောင်းပါးများရေးသားခြင်း၊ သဘာဝဘေးစီမံခန့်ခွဲမှုသင်တန်းများကို မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအဆင့်ထိ ပို့ချနိုင်ခဲ့ခြင်း စတာတွေကြောင့် ပြည်သူလူထုအတွင်း ရေဘေးဆိုင်ရာ အသိပညာတွေ ဖြန့်ဖြူးမှုမှာ လက်ဦးမှု ရယူနိုင်ခဲ့ပါတယ်။

ဒါ့အပြင် ရေကြီး ရေလွှမ်းမှုရှိတဲ့ ဒေသခံတွေအတွက် မလွဲမသွေ လိုအပ်တော့မယ့် အမိုးအကာ၊ စားသောက်ဖွယ်ရာနဲ့ အဝတ်အထည်၊ ဆေးဝါးသာမက ငွေကြေးများလည်း အချိန်မီ ထောက်ပံ့ကူညီပေးနိုင်ခဲ့ပါတယ်။ အရေးပေါ်အခြေအနေများ ကြုံတွေ့ရလို့ လိုအပ်လာရင် ကယ်ဆယ်ဖို့ အရေးပေါ်ကယ်ဆယ်ရေး၊ ရှာဖွေရေးအဖွဲ့တွေကို ဖွဲ့စည်းပေးထားပေမယ့် အဲဒီလောက်ဆိုးရွားတဲ့ အခြေအနေမျိုးထိ မရောက်ခဲ့ပါဘူး။ ပြည်သူလူထုတစ်ရပ်လုံးအတွက် သဘာဝဘေးကာကွယ်ရေး အသိပညာတွေက ပြည့်ပြည့်ဝဝ ရှိနေပြီမို့ နိုင်ငံတစ်ဝန်း မိုးလယ်ကာလ ရေကြီး၊ ရေလွှမ်းမိုးဖြစ်စဉ်မှာ တစ်ဦးတစ်ယောက်မှ သေဆုံးပျောက်ဆုံးမှုမရှိခဲ့တာ မှတ်တမ်းတင်ရပါမယ်။ မှန်ကန်ကောင်းမွန်တဲ့ ခေါင်းဆောင်မှုအောက်မှာ ကြိုတင်မြော်တွေးမှုနဲ့ ပြင်ဆင်မှုတို့ ပါဝင်တဲ့ **'ဘေးဒဏ်ဆီးကာ'** ခြင်းဟူသည့် ရင်းနှီးမြှုပ်နှံမှုရဲ့အကျိုးရလဒ်ကို မြန်မာပြည်သူအားလုံး ခံစားလိုက်ရတဲ့ အောင်ပွဲတစ်ရပ်ပါ။

"နက်နက်ရှိုင်းရှိုင်းပြောရရင် သဘာဝဘေးအန္တရာယ်ဆိုတာ ဘယ်လောက်ပဲ အင်အားကြီးကြီးနဲ့ တိုက်ခိုက်စေကာမူ ကျွန်တော်တို့လူသားတွေက ဆက်လက်ရှင်သန်နိုင်တယ်။ မိသားစုတွေဟာ စီးပွားရေးတွေကို ဆက်လက်ဆောင်ရွက်နိုင်တယ်။ ကလေးလေးတွေရဲ့ အနာဂတ်ကိုလည်း ဆက်လက်ဖန်တီးနိုင်တယ်"ဆိုတာကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနဲ့ ပြည်သူတွေအားလုံး မိုးလယ်ကာလ ရေကြီးခြင်းဘေးအန္တရာယ်ကို အောင်မြင်စွာ ရင်ဆိုင်ကာကွယ် ကျော်လွှားနိုင်ခဲ့ခြင်းက သာဓကအဖြစ် လက်တွေ့ပြသနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း။ ။

ပညာဂုဏ်ရောင် အလင်းဆောင်

ဘီးလင်းမြို့နယ် အလိမ္မာစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

ဘီးလင်း ဇူလိုင် ၃၀

ဘီးလင်းမြို့နယ် သပြေနီကျေးရွာ အလိမ္မာစာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဇူလိုင် ၂၅ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ စာကြည့်တိုက်အဆောက်အအုံသစ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦး၊ သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းနှင့် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်ဦးက အမှာစကားပြောကြားပြီး ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက စံ(၅)ချက်နှင့်ညီသော စာကြည့်တိုက်များအကြောင်း ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ စာအုပ်၊ စာစောင်နှင့် ငွေပဒေသာပင်လှူဒါန်းပွဲကို ကျင်းပရာ အလှူရှင် ဦးစိန်ဘက ငွေကျပ် ၃၀၀၀၀၊ ဦးတင်စိုးက ငွေကျပ် ၁၀၀၀၀၊ သပြေနီကျေးရွာ စုပေါင်းအလှူရှင်များက ငွေကျပ် ၂၀၀၀၀၊ သထုံခရိုင် ဦးစီးအရာရှိက စာအုပ်၊ စာစောင် ၅၀၊ မြို့နယ်ဦးစီးမှူး ဒေါ်ခင်လေးနွယ်က တိုင်ကပ်နာရီ တစ်လုံး၊ အခွန်ဦးစီးမှူး ဦးကျော်ဝေက စာအုပ်၊ စာစောင် ၅၀၊ စိုက်ပျိုးရေးမန်နေဂျာ ဦးစောခင်ကျော်မြင့်က စာအုပ်၊ စာစောင် ၅၀၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာမြင့်အောင်က စာအုပ်၊စာစောင် ၅၀၊ ကျေးရွာအုပ်ချုပ်ရေးမှူးက ရေဒီယို တစ်လုံး၊ မြို့နယ်အမျိုးသမီးရေးရာ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စန်းက စာအုပ်၊ စာစောင် ၅၀၊ ကျေးရွာ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက စာအုပ်၊စာစောင် ၅၀ စုစုပေါင်း စာအုပ်၊ စာစောင် ၃၀၀ နှင့် ငွေပဒေသာပင် ငွေကျပ် ၁၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြသည်။ (မြို့နယ်ပြန်/ဆက်)

ညောင်ရွှေမြို့နယ်၌ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်လှစ်

နေပြည်တော် ဇူလိုင် ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မင်းချောင်းကျေးရွာအုပ်စု မင်းချောင်း(ရှေ့)ရွာ အလင်းရောင်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဇူလိုင် ၂၆ရက် နံနက် ၁၀နာရီခွဲတွင် အဆိုပါစာကြည့်တိုက်၌ ကျင်းပရာ အင်းတိုင်းရင်းသားရေးရာ ဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေလင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းတို့က စာကြည့်တိုက်အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ ဖွင့်ပွဲအခမ်းအနားတွင် အလှူရှင်များက စာအုပ်စာစောင်များနှင့် ငွေပဒေသာပင် ငွေကျပ် တစ်သိန်းငါးသောင်းတို့ကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါစာကြည့်တိုက်သည် အလျားပေ ၃၀ နှင့် အနံ ၁၈ ပေရှိ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်အဆောက်အအုံဖြစ်ပြီး နိုင်ငံတော်မတည်ငွေနှင့် ကျေးရွာပြည်သူများ၏ လှူဒါန်းငွေဖြင့် ငွေကျပ် ၃၃ သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ကာ စံ(၅)ရပ်နှင့်ညီသော ညောင်ရွှေမြို့နယ်၏ (၄၁) ခုမြောက် စာကြည့်တိုက်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတ မြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီ ဆောင်ရွက်လျက်ရှိသဖြင့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်၊ စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ်(၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၃၁)ရပ်ကွက် ဖေယျာသုခလမ်းနေ ဘွားဘွား ဒေါ်သန်းရင်၊ သမီးဒေါ်အေးအေးမူ၊ မြေးမသီတာမြင့်၊ မမြင့်မြင့်လွင်တို့က တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်)၏ အသင်းတိုက်ဆောက်လုပ်ရန်အတွက် အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးထွန်းသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းတို့ လက်ခံစဉ်။ (ကြေးမုံ)

TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၃၀

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင်အတွဲ(၂)၊ အမှတ်(၃၀)ကို ဇူလိုင် ၂၉ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်တွင် ပရိသတ်များအတွက် ESPN နှင့် Star Sports ရုပ်သံလိုင်းများ၌ တိုက်ရိုက်ပြသမည့် ဥရောပဘောလုံးရာသီ၏ ပွဲကြိုသုံးသပ်ချက်များ၊ Star Movies ရုပ်သံလိုင်းတွင် စိတ်လှုပ်ရှားဖွယ် ဇာတ်ကားကောင်းဖြစ်သည့် Resident Evil ၏ နောက်ဆုံးဇာတ်ကားအပါအဝင်၊ Damien: Omen II၊ Gamer စသည့် အမျိုးအစားစုံလင်သည့်ဇာတ်ကားကောင်းများ၊ Channel V ရုပ်သံလိုင်းတွင် ကြည့်ရမည့် ဂီတအစီအစဉ်ကောင်းများ၊ TLC ရုပ်သံလိုင်းတွင် ပြသမည့် အိမ်ရှင်မများအကြိုက် အချက်အပြုတ် အစီအစဉ်ကောင်းများ၊ Animal Planet ရုပ်သံလိုင်းတွင် ကြည့်ရမည့် တိရစ္ဆာန်များ၏ သဘာဝအလေ့အထများနှင့် ထူးဆန်းသည့် အကြောင်းအရာများ၊ မြန်မာစာတန်းထိုးဖြင့်ပြသနေသည့် NGC ရုပ်သံလိုင်းမှ အစီအစဉ်ကောင်းများ၊ MRTV-4 ရုပ်သံလိုင်းတွင် ကြည့်ရမည့် MRTV-4 ခုနစ်နှစ်ပြည့် အမှတ်တရ Live Show အစီအစဉ်၊ MRTV-4 ၏ ဆက်စပ်ရုပ်သံလိုင်းများ ဖြစ်သည့် For Info, For Sports, For Edu, For Choice စသည့် Digital Channel များ၏ ပြသနေသည့်အစီအစဉ်များ၊ ရုပ်သံလိုင်းအားလုံး၏ ဩဂုတ် ၁ ရက်မှ ၁၅ရက်အထိ အစီအစဉ်များအပြင် မြဝတီရုပ်သံလိုင်း၏ ဩဂုတ် ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express ဖုန်း-၀၉-၅၀၈၀၈၅၀၊ ၃၉၁၁၈၆ တို့သို့ မှာယူနိုင်သည်ဟုသိရသည်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် စစ်တွေမြို့ရှိ ဆန်စပါးလုပ်ငန်းရှင်များ၊ လယ်သမားများအား တွေ့ဆုံဆွေးနွေး

နေပြည်တော် ဇူလိုင် ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ ကန်တော်ကြီး တောင်သူပညာပေး မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်း၌ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားပြီး သိပ္ပံနည်းကျစိုက်စနစ်ဖြင့် စိုက်ပျိုးထားသည့် စပါးစိုက်ခင်းများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကာ တောင်သူများအား နည်းစနစ်မှန်ကန်စွာ ဆောင်ရွက်နိုင်ရန် စနစ်တကျသင်ကြားပေးရေးနှင့် မျိုးကောင်းမျိုးသန့်များကို အမှန်တကယ် အသုံးပြုနိုင်ရေးအတွက် အစီအစဉ်ချမှတ်၍ ဖြန့်ဖြူးပေးရန် မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ရှိ ဆန်စပါးလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများနှင့် တွေ့ဆုံရာ ရှေးဦးစွာ ရခိုင်ပြည်နယ် စိုက်ပျိုးရေးမန်နေဂျာက ပြည်နယ်၏ မိုးစပါးလျာထားစိုက်ဧက ၁၂၇၅၀၀၀ ကျော်အနက် ၉၀ ရာခိုင်နှုန်း စိုက်ပျိုးပြီးစီးမှုနှင့် တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုတို့ကို တင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများ၊ ဆန်စပါးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများပူးပေါင်း၍ အကောင်အထည်ဖော်မှုများနှင့် နေပြည်တော်သို့ စေလွှတ်၍ စံပြစပါးစိုက်ခင်းများအား လေ့လာရေးဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အမှာစကားပြောကြားရာတွင် ရခိုင်ပြည်နယ်သည် မြေသယံဇာတ၊ ရေသယံဇာတ ပေါကြွယ်ဝသော ပြည်နယ်ဖြစ်သည့်အားလျော်စွာ ဆန်စပါးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခြင်းအားဖြင့် မိမိတို့လယ်သမားများ ဝင်ငွေတိုးတက်ရရှိပြီး လူမှုစီးပွားဘဝ အဘက်ဘက်က တိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ ဆန်စပါး ဖွံ့ဖြိုးတိုးတက်ရန်အတွက် မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပြောင်းလဲရန်လိုအပ်ခြင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို မှန်ကန်စွာ အသုံးပြုရန်လိုအပ်ခြင်း၊ မျိုးစေ့သုံးစွဲမှု၊ ရေသုံးစွဲမှု၊ ဓာတ်မြေဩဇာနှင့် သွင်းအားစု သုံးစွဲမှုများကို စနစ်တကျထိရောက်အကျိုးရှိစွာ အသုံးပြုရခြင်း၊ ပျိုးကြဲချိန်မှစတင်ပြီး ရိတ်သိမ်းခြွေလှေ့ချိန် အပါအဝင် ဈေးကွက်သို့ တင်ပို့ရောင်းချပြီးသည့် အချိန်အထိ အလေအလွင့် အနည်းဆုံးဖြစ်အောင် ဆောင်ရွက်ခြင်း၊ အရည်အသွေးကောင်းမွန်သော ဆန်စပါးများကို စနစ်တကျကြိတ်ခွဲပြီး ဈေးကောင်းရအောင် ဈေးကွက်ခိုင်မာစေခြင်း စသည်တို့နှင့် စပ်လျဉ်း၍ အသေးစိတ် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ် ဆန်စပါးထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်စေရေး အလားအလာကောင်းများအပေါ် မိမိတို့ဝန်ကြီးဌာနက အစွမ်းကုန်ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် ပြည်နယ်ရှိ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ဆန်စပါးလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ စိတ်တူကိုယ်တူ ဆန္ဒတူဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းလုပ်ဆောင် အကောင်အထည်ဖော်ကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားသည်။

ယင်းအခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဝန်ထမ်းများ၊ လယ်ယာကုန်ထုတ်အသင်းများမှအဖွဲ့ဝင်များ၊ စစ်တွေ၊ ကျောက်တော်နှင့် ပုဏ္ဏားကျွန်းမြို့နယ်တို့မှ တောင်သူလယ်သမားများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်တို့ စစ်တွေမြို့ရှိ ကန်တော်ကြီး တောင်သူပညာပေး မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွင်း၌ ပေါင်စနစ်ဖြင့် ပျိုးထောင်ထားပြီး သိပ္ပံနည်းကျစိုက်စနစ်ဖြင့် စိုက်ပျိုးထားသည့် စပါးစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော် အငြိမ်းစားဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် သဘာပတိအဖြစ် မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးမြင့်က ဆောင်ရွက်ပြီး တွဲဖက်သဘာပတိအဖြစ် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အငြိမ်းစား ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ပြုံးကြည်က ဆောင်ရွက်သည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့မှ ဒေါက်တာစိုးသိန်းနှင့် ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်) ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်တို့က ကျန်းမာရေး ဆေးသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု စာတမ်းများကို ဖတ်ကြားတင်သွင်း ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသူများက အုပ်စု(၄)စုခွဲ၍ ဖတ်ကြားတင်သွင်းသည့် စာတမ်းများအပေါ် ဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးချက်များကို အုပ်စုအလိုက် တာဝန်ရှိသူများက စုစည်းတင်ပြကြကာ စုစည်းတင်ပြချက်များအပေါ် တက်ရောက်လာကြသူများကလည်း ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ယင်းနောက် သဘာပတိက အုပ်စုများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲ နံနက်ပိုင်း အစီအစဉ်ကို ခေတ္တရပ်နားသည်။

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ အစီအစဉ်ကို မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပရာ သဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန အငြိမ်းစား ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာမြဦးက ဆောင်ရွက်ပြီး တွဲဖက်သဘာပတိအဖြစ် ဆေးတက္ကသိုလ်(၂) ရန်ကုန် အငြိမ်းစား ပါမောက္ခချုပ် ဒေါက်တာသန်းနုဆွေ က ဆောင်ရွက်သည်။

အစီအစဉ်အရ မြန်မာနိုင်ငံ ဆေးပညာရှင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာနေဝင်းနှင့် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းဇော်မြင့်တို့က ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု စာတမ်းများကို ဖတ်ကြားတင်သွင်း ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အုပ်စုများခွဲ၍ ဖတ်ကြားတင်သွင်းသည့် စာတမ်းများအပေါ် ဝိုင်းဝန်းဆွေးနွေးကြကာ အုပ်စုအလိုက် တာဝန်ရှိသူများက ဆွေးနွေးချက်များကို စုစည်းတင်ပြကြပြီး ဆွေးနွေးပွဲ တက်ရောက်လာကြသူများက စုစည်းတင်ပြချက်များအပေါ် ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြသည်။

ထို့နောက် သဘာပတိက အုပ်စုများ၏ ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကြပြီး ဒုတိယနေ့ အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၃၁ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးမြှင့်တင်ရေး အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့အစီအစဉ် ကျင်းပစဉ်။ (သတင်းစဉ်)

ဒလမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေး

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးဝင်းလှိုင်နှင့် ဝန်ထမ်းများသည် ဇူလိုင် ၂၂ ရက်တွင် ဘုရင့်နောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အသက် (၁၀)နှစ်ပြည့်နှင့် (၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခြင်းနှင့် အသစ်လဲသူများ၊ ပျောက်ဆုံးပျက်စီးလဲလှယ် မိတ္တူလျှောက်ထားခြင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

(၆၁၁)

အေးချမ်းသာယာ ပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဖိတ်ခေါ်

ရန်ကုန် ဇူလိုင် ၃၀

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲအား **“အေးချမ်းသာယာ ပြည်မြန်မာ”** ဟူသော ခေါင်းစဉ်ဖြင့် ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲသို့ မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ သာယာလှပမှုများ၊ အေးချမ်းတည်ငြိမ်မှုများ၊ တိုင်းရင်းသားရိုးရာအလှအပများ၊ ရိုးရာပွဲတော်များ စသည်တို့ကို ဖော်ညွှန်းရိုက်ကူးထားသည့် ဓာတ်ပုံများဖြင့် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်စည်းကမ်းများမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြိုင်ပွဲဝင်ဓာတ်ပုံအရွယ်အစားမှာ ၁၀ လက်မ×၁၄ လက်မ အရွယ်အစားတစ်မျိုးတည်းသာ ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ပုံအရေအတွက် အကန့်အသတ်မရှိ ပါဝင်ယှဉ်ပြိုင်နိုင်သည်။

(ခ) မည်သည့်ကင်မရာအမျိုးအစားမဆို အသုံးပြုနိုင်သည်။

(ဂ) ဒီဂျစ်တယ်နည်းပညာဖြင့် ပြုပြင်ဖန်တီးထားသော ဓာတ်ပုံများနှင့် ပြည်တွင်း ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးသည့် ဓာတ်ပုံများအား ယှဉ်ပြိုင်ခြင်းမပြုရပါ။

(ဃ) ပြိုင်ပွဲဝင်ဓာတ်ပုံများသည် ပုံနှိပ်ထုတ်ဝေပြီးသော ဓာတ်ပုံများ၊ Website များတွင် အသုံးပြုပြီးသော ဓာတ်ပုံများ မဖြစ်ရပါ။

(င) ကိုယ်တိုင်ရိုက်ကူးထားကြောင်း ဝန်ခံချက်ပါရှိရမည်။

(စ) ပြိုင်ပွဲကျင်းပသည့် ဌာနအနေဖြင့် ပြိုင်ပွဲဝင်ဓာတ်ပုံများအား အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ် စာစောင်များ၊ Website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို သဘောတူခွင့်ပြုရမည်။

(ဆ) မိမိတို့၏ ပြိုင်ပွဲဓာတ်ပုံများအား Kodak စက္ကူဖြင့်သာ ကူးယူပေးပို့ ယှဉ်ပြိုင်ရမည်။

ပြိုင်ပွဲတွင် ဆုရရှိသူများအား ပထမဆု ငွေကျပ် သုံးသိန်း၊ ဒုတိယဆု ငွေကျပ် နှစ်သိန်း၊ တတိယဆု ငွေကျပ်တစ်သိန်းငါးသောင်းနှင့် အထူးဆုငွေကျပ် တစ်သိန်းစီ ချီးမြှင့်သွားမည်ဖြစ်သည်။ ထို့ပြင် အဆိုပါ ဆုရရှိသူများအား Myanmar Golden Rock ကုမ္ပဏီက ပထမဆုရရှိသူအား (Cannon SLR ကင်မရာ EOS-1000D with 18-55 mm II Lens)၊ ဒုတိယဆုရရှိသူအား (Cannon Compact Digital ကင်မရာ IXUS-115)၊ တတိယဆုရရှိသူအား (Cannon Compact Digital ကင်မရာ Power Shot A-495)၊ အထူးဆုရရှိသူများအား ငွေသား ၅၀၀၀၀ ကျပ်တန် Cannon Showroom တွင် ဈေးဝယ်ခွင့်ကူပွန်များကို ချီးမြှင့်ပေးသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို စက်တင်ဘာ ၃၀ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ ဦးအေးကြွယ် ညွှန်ကြားရေးမှူး(ထုတ်လုပ်) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အမှတ် (၂၂၈) သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့ရမည်ဖြစ်ကြောင်းနှင့် ၎င်းနေ့ထက်ကျော်လွန်၍ ပေးပို့လာသော ဓာတ်ပုံများအား ပြိုင်ပွဲဝင်ဓာတ်ပုံအဖြစ် လက်ခံမည်မဟုတ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သက်ရှိလောက
တည်မြဲဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် သံတွဲ၊ အမ်းနှင့် စစ်တွေမြို့နယ်တို့၌ ဝန်ကြီးဌာနအောက်ရှိ ဝန်ထမ်းများအား တွေ့ဆုံမှာကြား

နေပြည်တော် ဇူလိုင် ၃၀

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဇူလိုင် ၂၇ ရက် မွန်းလွဲပိုင်းတွင် ရခိုင်ပြည်နယ် သံတွဲမြို့ရှိ မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံးကို ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများသည် ပြည်သူလူထု၏ အကျိုးစီးပွားအတွက် မျက်ခြည်မပြတ် အစဉ်ဦးတည်လုပ်ဆောင်သွားကြရန်၊ သဘာဝဘေးအန္တရာယ်များ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင်လည်း စီမံချက်ပါအတိုင်း အမြဲအသင့်ဖြစ်နေရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ နိုင်ငံတော်သမ္မတ ပြောကြားခဲ့သည့် မိန့်ခွန်းများကို လုပ်ငန်းလမ်းညွှန်အဖြစ် လိုက်နာဆောင်ရွက်သွားရန်တို့ကို မှာကြားကာ ရုံးအဆောက်အအုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် သံတွဲမြို့ မေတ္တာဝတီ ဘိုးဘွားရိပ်သာအတွက် ဆန်ဖိုးထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သံတွဲမြို့ မေတ္တာဝတီ ဘိုးဘွားရိပ်သာသို့ သွားရောက်၍ ဘိုးဘွားများအား တွေ့ဆုံဂါရဝပြုပြီး ဘိုးဘွားရိပ်သာအတွက် ဆန်ဖိုးထောက်ပံ့ငွေကျပ် သုံးသိန်းကို ပေးအပ် လှူဒါန်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဇူလိုင် ၂၈ ရက် မွန်းလွဲပိုင်းတွင် အမ်းမြို့ မြို့နယ်ခန်းမ၌ မြို့နယ်အလုပ်သမား ညွှန်ကြားရေး ဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများအားတွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် သတ်မှတ်ထားသော စည်းကမ်းများကိုလိုက်နာရေး၊ လုပ်ငန်းစီမံချက်များ ပြည့်မီရေးဆွဲဆောင်ရွက်ရေး၊ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းများဖော်ထုတ်ပြီး အလုပ်အကိုင်များ ပိုမိုရရှိအောင် ဆောင်ရွက်ပေးရေး၊ ပြည်သူလူထုအား ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများပေးခြင်း၊ ကလေးသူငယ်များအား ပြုစုပျိုးထောင်ခြင်း၊ သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်း၊ သဘာဝဘေးအန္တရာယ် ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းတို့ဖြင့် နိုင်ငံတော်က အလေးထားဆောင်ရွက်လျက်ရှိသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားပြီး ဝန်ထမ်းမိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ထို့နောက် အမ်းမြို့နယ် အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနရုံးကို ကြည့်ရှုစစ်ဆေးပြီး အမ်းမြို့နယ် မီးသတ်စခန်း၌ မီးသတ်မော်တော်ယာဉ်များ ကြံ့ခိုင်မှုနှင့် ကယ်ဆယ်ရှာဖွေရေး အထောက်အကူပစ္စည်းများ အသင့်စုဆောင်းထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ဇူလိုင် ၂၉ ရက် မွန်းလွဲပိုင်းတွင် စစ်တွေမြို့ ပြည်နယ်မီးသတ်စခန်း၌ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားပြီး ပြည်နယ်မီးသတ်စခန်း၏ လူအသင့်ဖြစ်မှု၊ ယာဉ်အသင့်ဖြစ်မှု၊ ရေအသင့်ဖြစ်မှုနှင့် သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ မူလတန်းကြိုကျောင်းကိုလည်းကောင်း၊ ပြည်တွင်း ကုန်တင်ကုန်ချကော်မတီရုံးကို လည်းကောင်း သွားရောက်စစ်ဆေးခဲ့ပြီး စစ်တွေမြို့ ဘိုးဘွားရိပ်သာတွင် ဘိုးဘွားများအား တွေ့ဆုံဂါရဝပြု၍ ဆန်ဖိုးထောက်ပံ့ငွေကျပ် ၂၅၀၀၀၀ ကို ပေးအပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျောက်မဲခရိုင် ဥပဒေရုံးနှင့် မြို့နယ် ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်ပွဲ တက်ရောက်

နေပြည်တော် ဇူလိုင် ၃၀

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ဥပဒေရုံးနှင့် မြို့နယ် ဥပဒေရုံး အဆောက်အအုံသစ်ဖွင့်ပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီတွင် မန္တလေး-လားရှိုး ပြည်ထောင်စုလမ်း ရန်ကင်းရပ်ကွက်ရှိ အဆိုပါအဆောက်အအုံရှေ့၌ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ် တက်ရောက်၍ ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်နှင့်အတူ အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဥပဒေချုပ်တို့က အမှာစကားပြောကြားကြပြီး ကျောက်မဲခရိုင် ဥပဒေအရာရှိ ဦးတင့်အောင်က အဆောက်အအုံသစ် ဆောက်လုပ်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၃၁-၇-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၁၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၂၅ ၃။ FIFA U-20 WORLD CUP 2011ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ကိုလံဘီယာအသင်းနှင့် ပြင်သစ်အသင်း)
- ၉း၁၅ ၄။ နံနက်ပိုင်းသတင်း
- ၉း၃၀ ၅။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ စစ်သည်တေး
- ၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁း၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁း၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ချစ်ကြိုးတစ်မျှင်” (အပိုင်း-၆၄)**
- ၁၂း၃၀ ၅။ Golf Magazine (TV)
- ၁၂း၅၀ ၆။ **မြန်မာရုပ်ရှင် “ချစ်ကမ္ဘာမှာ မင်းနဲ့ငါ” (စိန်မြင့်၊ ခင်သီတာထွန်း) (ဒါရိုက်တာ-မီမီဦး)**
- ၂း၂၀ ၇။ ရုပ်မြင်ရသတေးစုကဏ္ဍ
- ၂း၃၅ ၈။ အတီးပြိုင်ပွဲ
- ၂း၅၀ ၉။ International News
- ၃း၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ တေးဂီတအစီအစဉ်
- ၄း၂၀ ၃။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၄း၂၅ ၄။ “အေးမြသော လေညှင်းလေးများ”
- ၄း၄၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅း၀၀ ၆။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၇။ မျက်စိအမြင် ရှင်သန်ရေးပဏာမ မျက်စိကျန်းမာရေး စောင့်ရှောက်ပေး
- ၅း၂၅ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၁၅ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၁။ **ကာတွန်းအစီအစဉ် “ရေငုပ်သမားလေးအိုလီ” (အပိုင်း-၃)**
- ၆း၄၀ ၁၂။ တစ်မျက်နှာ တစ်ကွက်စာ “ငါးကင်စားသူများ’ (ဖိုးသောကြာ၊ ကြည်နူးနိုင်) [ဒါရိုက်တာ-မေတင်(MMG)]
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “နတ်ရေးငယ်တဲ့ ရွှေဖူးစာ” (အပိုင်း-၂)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
- ၁၈။ **ကာတွန်းအစီအစဉ် “တောကောင်ငယ် သိုင်းညီနောင်လေးများ” (ဒုတိယတွဲ) (အပိုင်း-၃၆)**
- ၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ “ရှုပ်ထွေးဆန်းကြယ်” (အပိုင်း-၂၈) (ဇာတ်သိမ်းပိုင်း)**
- ၂၀။ အစီအစဉ်ပြီး၏။

နိုင်ငံတကာရုပ်ရှင် အနုပညာရပ်ဝန်း

Frozen Groundဇာတ်ကားတွင် နီကိုလက်စ်ကေ့ဂျ် ပါဝင်သရုပ်ဆောင်မည်

ဟောလိဝုဒ်စူပါစတား အကယ်ဒမီဆုရမင်းသား နီကိုလက်စ်ကေ့ဂျ် **(ဓါတ်ပုံ)** သည် Frozen Ground အမည်ရှိ ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း ဇူလိုင် ၂၈ ရက် အင်တာနက်သတင်းများတွင် ဖော်ပြသည်။

၎င်းဇာတ်ကားသည် အမေရိကန်နိုင်ငံ အလာစကာပြည်နယ် အန်ကားရေ့ မြို့တွင် ၁၉၇၀-၈၀ ခုနှစ်များအတွင်းက ဘွတ်ချာဘိတ်ကာ ခေါ် ရောဘတ်ဟန်ဆန်၏ အကြောင်းကို ရိုက်ကူးမည်ဖြစ်သည်။

ရောဘတ်ဟန်ဆန်သည် အန်ကားရေ့မြို့လယ် ဈေးငယ်တစ်ခုတွင် ပေါင်မုန့်ဖိုတစ်လုံး ပိုင်ဆိုင်ပြီး ဇနီးသားသမီးများနှင့်အတူ နေထိုင်စဉ် ၁၉၇၀-၈၀ ခုနှစ်များ ၁၂ နှစ်တာ ကာလအတွင်း အမျိုးသမီး ၁၇ ဦးကို သတ်ဖြတ်ခဲ့ပြီး အမျိုးသမီး ၃၀ ကို အဓမ္မပြုကျင့်ခဲ့သည့် ပြစ်မှုကျူးလွန်ခဲ့သော်လည်း ၎င်း၏ပြစ်မှုများကို သူ့မိသားစုပင်မသိခဲ့ပေ။

မင်းသား နီကိုလက်စ်ကေ့ဂျ်က ရောဘတ်ဟန်ဆန်၏ ပြစ်မှုများကို စုံစမ်းဖော်ထုတ်ခဲ့သည့် အလာစကာ ပြည်နယ် ရဲတပ်ဖွဲ့ဝင်တစ်ဦးအဖြစ် သရုပ်ဆောင်မည်ဖြစ်ပြီး ဟန်ဆန် သတ်ဖြတ်ခဲ့သည့် အမျိုးသမီး ၁၇ ဦးအနက်မှ ၁၂ ဦး၏ အလောင်းများကို ဖော်ထုတ်နိုင်ခဲ့သည်။ ၁၉၈၄ ခုနှစ်တွင် ဟန်ဆန်ကို ပြည်နယ်တရားရုံးက ထောင်ဒဏ် ၄၆၁ နှစ် ချမှတ်လိုက်သည်။

၎င်းဇာတ်ကားကို အန်ကားရေ့မြို့တွင် အောက်တိုဘာ ၁၀ ရက်မှစ၍ ရိုက်ကူးသွားမည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြသည်။ ***အင်တာနက်။***

ခရစ္စတီနာ အဂူလီယာနှင့် ဆီလီနာဂိုမက်ဇ် လက်တင်အမေရိက အနုပညာမီဒီယာဆုများရရှိရန် ရေပန်းစား

မင်းသမီးခရစ္စတီနာ အဂူလီယာ **(ယာပုံ)** နှင့် သရုပ်ဆောင်အဆိုတော် ဆီလီနာဂိုမက်ဇ်တို့နှစ်ဦးသည် ယခုနှစ်တွင်ကျင်းပမည့် လက်တင်အမေရိက အနုပညာမီဒီယာဆုများ ရရှိရန် ထိပ်ဆုံးမှရေပန်းစားလျက်ရှိကြောင်း သတင်းများတွင် ဖော်ပြသည်။

၎င်းတို့နှစ်ဦးသည် အမျိုးသမီးဂီတပညာရှင်ဆု၊ ဟာသဇာတ်ကားများတွင် လူကြိုက်အများဆုံး မင်းသမီးဆု အပါအဝင် ဆုအမျိုးအစားသုံးခုစီဖြင့် အမည်စာရင်းတင်သွင်းခံထားရကြောင်း သတင်းတွင် ဖော်ပြသည်။

အဂူလီယာက ရုပ်မြင်သံကြားတွင် သရုပ်မှန်စရိုက် သဘာဝပေါ်လွင်အောင် အကောင်းဆုံးသရုပ်ဆောင်နိုင်မှုဆုတွင် အမည်စာရင်း တင်သွင်းခံရသကဲ့သို့ ဂိုမက်ဇ်သည်လည်း ရုပ်မြင်သံကြားတွင် လူကြိုက်အများဆုံး မင်းသမီးဆုတွင် အမည်စာရင်းတင်သွင်းခံရသည်။

ယခုနှစ်ဆုပေးပွဲအတွက် အမည်စာရင်း တင်သွင်းခံရသူများ စာရင်းတွင် ဂျနီဖာလိုပက်ဇ်နှင့် မင်းသမီး နာရာရီဗီးယားတို့သည်လည်း ဆုအမျိုးအစား နှစ်ခုစီဖြင့် ဒုတိယနေရာမှ ရေပန်းစားလျက်ရှိသည်။

ယင်းဆုများရွေးချယ်ရေးအတွက် ပရိသတ်များကိုလည်း အွန်လိုင်းမှ မဲပေးရွေးချယ်ပေးရန် ဖိတ်ခေါ်ထားပြီး ဆုပေးပွဲကို စက်တင်ဘာ ၁၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ***အင်တာနက်။***

အေ ဝမ်း စိုး

ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်

မြစ်ကြီးနား ဇူလိုင် ၃၀

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ဒူကထောင်ရပ်ကွက် ဒူဝါလမ်းအား စည်ပင်နှင့်ပြည်သူ ပူးပေါင်း၍ ကတ္တရာလမ်းသစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးစိုးနိုင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးခင်မောင်မြင့်က လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။

(မြို့နယ်စည်ပင်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပစိမ်းမြ

(၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၅)ရပ်

(၁) တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

(၂) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(၃) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(၄) အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများကို ထိန်းသိမ်းဖော်ထုတ်ပြီး တီထွင်မြှင့်တင်လျက် နိုင်ငံတကာအဆင့်မီ ဆန်းသစ်ပေါင်းစပ်ပေးနိုင်မည့် မျိုးဆက်သစ်များပေါ်ထွန်းရေး။

(၅) အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် အနုသုခုမ ဂီတပညာဖြင့် တစ်တပ်တစ်အား ပါဝင်လက်တွဲဆောင်ရွက်ရေး။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီး ဦးလှမြင့် စည်ပင်သာယာလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်မြို့တော်ဝန် ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့်သည် ယနေ့နံနက်ပိုင်းတွင် မင်္ဂလာတောင်ညွန့်နှင့် သဃ်္ဃန်းကျွန်းမြို့နယ်များ၌ လမ်းဝဲ၊ ယာ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးနှင့် သန့်ရှင်းသာယာမှုရှိစေရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီရှိဌာနများမှ ဝန်ထမ်းများစုပေါင်း၍ သန့်ရှင်းရေး ဆောင်ရွက်နေမှုနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရန် အကြီးစား ပြုပြင်ထိန်းသိမ်းနေမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် သာကေတမြို့နယ် ၂/မြောက်ရပ်ကွက်ရှိ သဒ္ဒါရုံစည်ပင်ဝန်ထမ်းအိမ်ရာဝင်း၌ ကျင်းပသော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် အသိပညာပေးဟောပြောနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးသည်။

စုပေါင်းဆောင်ရွက်

အလားတူ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေး စုပေါင်းဆောင်ရွက်မှုကို နံနက်ပိုင်းတွင် လမ်းမတော်၊ ရန်ကင်း၊ လှိုင်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်များ၌လည်း တစ်ပြိုင်တည်း ပြုလုပ်ကြသည်။

ဆက်လက်၍ မြို့တော်ဝန်သည် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ ပြည်ထောင်စု စည်ပင်ဝန်ထမ်းအိမ်ရာ၊ အင်းစိန်မြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့ရှိ စည်ပင်သာယာဝန်ထမ်းအိမ်ရာ အဆောက်အအုံများနှင့် အသစ်တည်ဆောက်လျက်ရှိသော steel structure အဆောက်အအုံများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် အင်းစိန်မြို့နယ်ရှိ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ပိုက်ထုတ်လုပ်ရေးစက်ရုံသို့ ရောက်ရှိပြီး အချင်း ၂၄ လက်မရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက် ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရန်ကုန်မြို့တော်ဝန် ဦးလှမြင့် အင်းစိန်မြို့နယ်ရှိ ကြိုတင်အားဖြည့် ကွန်ကရစ်ပိုက် ထုတ်လုပ်ရေးစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆေးတက္ကသိုလ် ပညာသင်ဆု လျှောက်ထားနိုင်

ရန်ကုန် ဇူလိုင် ၃၀

၂၀၁၁ ခုနှစ် မတ်လတွင် ကျင်းပခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်၍ ဆေးတက္ကသိုလ် အသီးသီးသို့ ဝင်ခွင့်လျှောက်ထားပြီးသော ကျောင်းသား၊ ကျောင်းသူများအနက် ဆင်းရဲနွမ်းပါး၍ အမှန်တကယ် ငွေကြေးအခက်အခဲရှိသူများအနေဖြင့် ဦးအေးကျော်-ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုက ပညာဒါနပြုသော ရာဇာလင်း ဆေးတက္ကသိုလ်ပညာသင်ဆုကို လျှောက်ထားနိုင်သည်။

ချီးမြှင့်သွားမည်

လျှောက်ထားခွင့်ရှိသူများမှာ ဆေးတက္ကသိုလ်(၁) ရန်ကုန်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်၊ မန္တလေးဆေးတက္ကသိုလ်နှင့် မကွေးဆေးတက္ကသိုလ်များတွင် ၂၀၁၁-၂၀၁၂ ပညာသင်နှစ်၌ ပထမနှစ်သင်တန်း စတင်တက်ရောက်ကြမည့် သူများဖြစ်ရမည်။ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်းရှစ်ဦးတို့အား ပညာသင်ဆုပေးမည်ဖြစ်ပြီး ရွေးချယ်ခံရသူများသည် ပထမနှစ်မှ ဘွဲ့ရသည်အထိ လစဉ် တစ်လလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းစီဖြင့် ပညာသင် ထောက်ပံ့ကြေး ဆုချီးမြှင့်သွားမည်ဖြစ်သည်။

ပညာသင်ဆု လျှောက်ထားလိုသူများသည် မိမိအမှန်တကယ် ပညာသင်ဆုလိုအပ်ကြောင်း ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြထားသည့် ကိုယ်တိုင်ရေးလျှောက်လွှာ၊ အမှတ်စာရင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီး၏ ထောက်ခံချက်၊ ဆေးတက္ကသိုလ် ဝင်ခွင့်လျှောက်ထားပြီးကြောင်း အထောက်အထား၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း မြို့နယ်ရဲစခန်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနတို့၏ ထောက်ခံချက်များနှင့် လိုင်စင်ဓာတ်ပုံ နှစ်ပုံတို့နှင့်အတူ အမှတ်(၅၀) ကန်ရိပ်သာ(၃)လမ်း Finger Lake, F. M. I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့သို့ လိပ်မူပြီး ၂၀၁၁ ခုနှစ် အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။ (သတင်းစဉ်)

ဥတုရာသီ တောကိုမှီ၏

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်ဇယား

နေ့စဉ်ပြိုင်ပွဲစတင်ချိန် (၁၆း၀၀)နာရီ

(ကက)အုပ်စု	(ခခ)အုပ်စု	(ဂဂ)အုပ်စု	(ဃဃ)အုပ်စု
၁။ ဆောက်လုပ်ရေး	၁။ ဟိုတယ်/ခရီး	၁။ ဘဏ္ဍာ/အခွန်	၁။ အမှတ်(၂)လျှပ်စစ်
၂။ ဆက်သွယ်ရေး	၂။ လယ်/ဆည်	၂။ အလုပ်သမား	၂။ လူမှုဝန်ထမ်း
၃။ မွေး/ရေ	၃။ သစ်တော	၃။ အားကစား	၃။ သတ္တုတွင်း
၄။ ပို့ဆောင်ရေး	၄။ စီးပွား/ကူးသန်း	၄။ ကာကွယ်ရေး	၄။ ပြည်ထဲရေး

ပွဲစဉ်	ရက်စွဲ	အုပ်စု	ယှဉ်ပြိုင်ကစားမည့်အသင်း			ကစားကွင်း
၄၉။ ၅၀။	၁-၈-၂၀၁၁ (တနင်္လာနေ့)	ကက ॥	၁။ဆောက်လုပ်ရေး ၂။ဆက်သွယ်ရေး	နှင့် ॥	၄။ပို့ဆောင်ရေး ၃။မွေး/ရေ	နေပြည်တော်ကွင်း(၂) လယ်ဝေးကွင်း
၅၁။ ၅၂။	၂-၈-၂၀၁၁ (အင်္ဂါနေ့)	ခခ ॥	၁။ဟိုတယ်/ခရီး ၂။လယ်/ဆယ်	နှင့် ॥	၄။စီးပွား/ကူးသန်း ၃။သစ်တော	နေပြည်တော်ကွင်း(၂) လယ်ဝေးကွင်း
၅၃။ ၅၄။	၃-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)	ဂဂ ॥	၁။ဘဏ္ဍာ/အခွန် ၂။အလုပ်သမား	နှင့် ॥	၄။ကာကွယ်ရေး ၃။အားကစား	နေပြည်တော်ကွင်း(၂) လယ်ဝေးကွင်း
၅၅။ ၅၆။	၄-၈-၂၀၁၁ (ကြာသပတေးနေ့)	ဃဃ ॥	၁။အမှတ်(၂)လျှပ်စစ် ၂။လူမှုဝန်ထမ်း	နှင့် ॥	၄။ပြည်ထဲရေး ၃။သတ္တုတွင်း	နေပြည်တော်ကွင်း(၂) လယ်ဝေးကွင်း
၅၇။ ၅၈။	၅-၈-၂၀၁၁ (သောကြာနေ့)	ကက ॥	၁။ဆောက်လုပ်ရေး ၄။ပို့ဆောင်ရေး	နှင့် ॥	၃။မွေး/ရေ ၂။ဆက်သွယ်ရေး	နေပြည်တော်ကွင်း(၂) လယ်ဝေးကွင်း
၅၉။ ၆၀။	၆-၈-၂၀၁၁ (စနေနေ့)	ခခ ॥	၁။ဟိုတယ်/ခရီး ၄။စီးပွား/ကူးသန်း	နှင့် ॥	၃။သစ်တော ၂။လယ်/ဆည်	နေပြည်တော်ကွင်း(၂) လယ်ဝေးကွင်း

၇-၈-၂၀၁၁ ရက် (တနင်္ဂနွေနေ့)ပြိုင်ပွဲနားသည်။

၆၁။ ၆၂။	၈-၈-၂၀၁၁ (တနင်္လာနေ့)	ဂဂ ॥	၁။ဘဏ္ဍာ/အခွန် ၄။ကာကွယ်ရေး	နှင့် ॥	၃။အားကစား ၂။အလုပ်သမား	နေပြည်တော်ကွင်း(၂) လယ်ဝေးကွင်း
၆၃။ ၆၄။	၉-၈-၂၀၁၁ (အင်္ဂါနေ့)	ဃဃ ॥	၁။အမှတ်(၂)လျှပ်စစ် ၄။ပြည်ထဲရေး	နှင့် ॥	၃။သတ္တုတွင်း ၂။လူမှုဝန်ထမ်း	နေပြည်တော်ကွင်း(၂) လယ်ဝေးကွင်း
၆၅။ ၆၆။	၁၀-၈-၂၀၁၁ (ဗုဒ္ဓဟူးနေ့)	ကက ॥	၁။ဆောက်လုပ်ရေး ၃။မွေး/ရေ	နှင့် ॥	၂။ဆက်သွယ်ရေး ၄။ပို့ဆောင်ရေး	နေပြည်တော်ကွင်း(၂) လယ်ဝေးကွင်း
၆၇။ ၆၈။	၁၁-၈-၂၀၁၁ (ကြာသပတေးနေ့)	ခခ ॥	၁။ဟိုတယ်/ခရီး ၃။သစ်တော	နှင့် ॥	၂။လယ်/ဆည် ၄။စီးပွား/ကူးသန်း	နေပြည်တော်ကွင်း(၂) လယ်ဝေးကွင်း
၆၉။ ၇၀။	၁၂-၈-၂၀၁၁ (သောကြာနေ့)	ဂဂ ॥	၁။ဘဏ္ဍာ/အခွန် ၃။အားကစား	နှင့် ॥	၂။အလုပ်သမား ၄။ကာကွယ်ရေး	နေပြည်တော်ကွင်း(၂) လယ်ဝေးကွင်း
၇၁။ ၇၂။	၁၃-၈-၂၀၁၁ (စနေနေ့)	ဃဃ ॥	၁။အမှတ်(၂)လျှပ်စစ် ၃။သတ္တုတွင်း	နှင့် ॥	၂။လူမှုဝန်ထမ်း ၄။ပြည်ထဲရေး	နေပြည်တော်ကွင်း(၂) လယ်ဝေးကွင်း

သစ်လုံးတင်ယာဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

ရန်ကုန် ဇူလိုင် ၃၀

သစ်လုံးတင်ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်မှုတစ်ခု ရန်ကုန်မြို့ ဒေါပုံမြို့နယ် ယမုံနာလမ်းပေါ်တွင် ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယနေ့ ည ၉ နာရီခွဲ အချိန်တွင် ဒေါပုံမြို့နယ် ယမုံနာလမ်းမပေါ်၌ အရှေ့မှအနောက်သို့ ယာဉ်မောင်း စိုးမိုးညွန့်(ဘ)ဦးညွန့်ရွှေ မောင်းနှင်လာသော ဟီးနိုးအမျိုးအစား ယာဉ်အမှတ် ၄ခ/---- သည် ဂိတ်ပေါင်းမှတ်တိုင်အနီး အခွန်လွတ်ဈေးရှေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ ယာဘက်သို့ တိမ်းမှောက်သွားခဲ့သည်။

အဆိုပါ ယာဉ်တိမ်းမှောက်မှုကြောင့် သေဆုံး/ဒဏ်ရာရမှုများ မရှိခဲ့သော်လည်း ကားပေါ်ပါလာသည့် စုစုပေါင်း အလေးချိန် ၁၂ တန်ရှိ သစ်လုံးခြောက်လုံးမှာ လမ်းဘေးပလက်ဖောင်းပေါ်သို့ ပြုတ်ကျခဲ့သည်။

ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ မဆင်မခြင်မောင်းလာသူ ယာဉ်မောင်းအား သက်ဆိုင်ရာမှ အရေးယူထားကြောင်း သိရသည်။ (၆၄၉)

ဒေါပုံမြို့နယ် ယမုံနာလမ်းပေါ်တွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားသော သစ်လုံးတင်ယာဉ်နှင့် သစ်လုံးများအား တွေ့ရစဉ်။ (၆၄၉)

တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်

ရန်ကုန် ဇူလိုင် ၃၀

၂၀၁၁ ခုနှစ် မတ်လက ကျင်းပခဲ့သည့် တက္ကသိုလ်ဝင်စာမေးပွဲတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးများရရှိအောင် သင်ကြားပို့ချခဲ့ကြသည့် ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၃နာရီတွင် မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ ဂုဏ်ထူးများရရှိအောင် သင်ကြားပို့ချခဲ့ကြသည့် ဆရာမများအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

အခမ်းအနားတွင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဇနီးဒေါ်သက်သက်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ခြောက်ဘာသာဂုဏ်ထူးရှင် လေးဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၀ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၇ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၂၆ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၇ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၆၆ ဦး စုစုပေါင်း ဂုဏ်ထူးဖြင့် အောင်မြင်သူ ကျောင်းသား၊ ကျောင်းသူ ၁၆၀ နှင့် ဂုဏ်ထူးများရရှိအောင် သင်ကြားပို့ချခဲ့ကြသည့် ဆရာမ ၁၃ ဦး တို့အား ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုလက်ဆောင်တို့ကို ပေးအပ်ချီးမြှင့်ကြသည်။

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား ဆုပေးအပ်ချီးမြှင့်စဉ်။

(သတင်းစဉ်)

ယင်းနောက် ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီများက စုပေါင်း၍ အခြေခံပညာအထက်တန်းကျောင်း လေးကျောင်းအတွက် ငွေကျပ် ၂၁၆၇၂၀၀ တန်ဖိုးရှိ ကွန်ပျူတာပရင်တာ အပါအဝင် Multimedia အခန်းသုံး Accessories လေးစုံကို အလှူရှင်များကိုယ်စား Panta Power အေဂျင်စီမှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မြင့်က ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ (သတင်းစဉ်)

မြို့နယ်ပေါင်းစုံသိုင်းပြိုင်ပွဲတွင် အောင်မြင်မှုရ အားကစားသမားများအား ဂုဏ်ပြုပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ သိုင်းပြိုင်ပွဲတွင် လက်သိုင်း(အတိုက်)တံခွန်စိုက်ဖလားနှင့် စွယ်စုံတံခွန်စိုက်ဖလား ဆွတ်ခူးရရှိသော မင်္ဂလာဒုံမြို့နယ်အသင်းနှင့် အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

အားကစား မြှင့်တင် စိတ်လန်းရှင် ဆန့်ကျင် မူးယစ်ဆေး

ပြည်တွင်းပြည်ပအားကစားသတင်းများ ပြည်တွင်းပြည်ပအားကစားသတင်းများ ပြည်တွင်းပြည်ပအားကစားသတင်းများ

ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ စနစ်တကျ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ စနစ်တကျ အောင်မြင်စွာကျင်းပနိုင်ရေး ပေါင်းစပ်ညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေ့ဦးစွာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အသင်းအုပ်ချုပ်သူများအနေဖြင့် မိမိအသင်းနှင့် မိမိပရိသတ်များအား စည်းကမ်းရှိရှိ စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားရေး၊ ဒိုင်လူကြီးများအနေဖြင့်လည်း ဥပဒေနှင့်အညီ တရားမျှတစွာ ဆောင်ရွက်သွားကြရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲကျင်းပရေးကော်မတီမှ တာဝန်ရှိသူများက ပြိုင်ပွဲဥပဒေများနှင့် စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအတွက် အုပ်စု(၄)စုကို မဲနှိုက်ကြပြီး ပွဲစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးအတည်ပြုကြကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ဩဂုတ် ၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ အမှတ်(၂) နေပြည်တော် အားကစားကွင်းတွင် (ကက)အုပ်စုမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေး ဝန်ကြီးဌာနအသင်း၊ နေပြည်တော် လယ်ဝေးအားကစားကွင်းတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

(သတင်းစဉ်)

အလေးမဒိုင်လူကြီး မွမ်းမံသင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ (အလေးမပြိုင်ပွဲ)တွင် အရည်အချင်းမီ အလေးမဒိုင်လူကြီးများ အင်အားပြည့် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် အလေးမဒိုင်လူကြီး မွမ်းမံသင်တန်းကို ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်ထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ကျင်းပရာ **(အပေါ်ပုံ)** မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးမြင့်ဆွေနှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဂျူရီအဖွဲ့ဝင် ဦးတိုက်စိုးတို့က အပြည်ပြည်ဆိုင်ရာအလေးမအဖွဲ့ချုပ်၏ အလေးမပြိုင်ပွဲဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ပြင်ဆင်သတ်မှတ်သည့် ဥပဒေများအား ဟောပြောပို့ချခြင်း၊ အပြန်အလှန် ဆွေးနွေးခြင်းတို့ဖြင့် သင်ကြားပို့ချခဲ့သည်။ (ကြေးမုံ)

အန်ဇော့ဘီယာကို ငါးနှစ်စာချုပ်ဖြင့် ဗီလာအသင်းခေါ်ယူ

လန်ဒန် ဇူလိုင် ၃၀

အဲလစ်မက္ကလက်၍ ကိုင်တွယ်နေသည့် ဗီလာအသင်းသည် ဝီဂန်အသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ချာလစ်အန်ဇော့ဘီယာကို ငါးနှစ်စာချုပ်ဖြင့် ခေါ်ယူနိုင်ခဲ့ပြီ ဖြစ်သည်။

အသက်(၂၅)နှစ်ရှိ ပြင်သစ်လက်ရွေးစင်ကစားသမား အန်ဇော့ဘီယာ**(အောက်ပုံ)**သည် ကွင်းလယ်မှ

နေ၍တိုက်စစ်ရောခံစစ်ကိုပါ ကောင်းစွာလိုက်ပါကစားနိုင်သူဖြစ်သည်။ ဗီလာအသင်းတွင် နံပါတ်(၁၀)ဝတ်ဆင်ကစားမည့် အဆိုပါ ပြင်သစ်သားသည် ယခင်ကနယူးကာဆယ်အသင်းတွင်လည်း ကစားခဲ့ဖူးသည်။

အန်ဇော့ဘီယာက "ဒီရာသီဟာ ကျွန်တော့်အတွက် အကောင်းဆုံးရာသီဖြစ်လာနိုင်သလို ဗီလာပတ်ခ်မှာ အောင်မြင်မယ်လို့ ယုံကြည်နေပါတယ်။ ဗီလာကစားသမားတွေနဲ့ တွဲကစားရဖို့ကို မစောင့်နိုင်လောက်အောင်ဖြစ်နေရပါပြီ။ နည်းပြ အဲလစ်မက္ကလက်၍ဟာလည်း အရည်အချင်းရှိတဲ့ နည်းပြတစ်ဦးဖြစ်သလို အသင်းရလဒ်ကောင်းအောင် အကောင်းဆုံးဦးဆောင်နိုင်လိမ့်မယ်လို့ ထင်ပါတယ်"ဟု ပြောကြားခဲ့သည်။ ၎င်း၏ ပြောင်းရွှေ့ကြေးကိုမူ နှစ်ဖက်အသင်းများက ထုတ်ဖော်ပြောကြားခြင်း မရှိသော်လည်း ပေါင် ၁၀ သန်းဝန်းကျင် ခန့်ရှိမည်ဟု မီဒီယာများက သုံးသပ်လျက်ရှိကြသည်။ **ESPN**

မန်ယူအသင်း ဗလင်စီယာနှင့် စာချုပ်သစ်ချုပ်ဆိုမည်

မန်ချက်စတာ ဇူလိုင် ၃၀

မန်ယူအသင်းသည် ၎င်းတို့၏ တောင်ပံကစားသမား အန်တိုနီယို ဗလင်စီယာ**(ယာပုံ)**နှင့် စာချုပ်သစ်ထပ်မံချုပ်ဆိုရန် သဘာတူညီမှုရရှိခဲ့သည်။

အသက်(၂၅)နှစ်ရှိ ဗလင်စီယာသည် ၂၀၀၉ ခုနှစ်က ဝီဂန်အသင်းမှ ပေါင် ၁၆ သန်းဖြင့် မန်ယူအသင်းသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ အဆိုပါ အီကွေဒေါသားသည် မန်ယူအသင်းနှင့် စာချုပ်သက်တမ်း နှစ်နှစ်ကျန်ရှိနေသေးသည်။ ယခုနွေရာသီ အပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းသို့ ဗီလာအသင်းမှ အင်္ဂလန်တောင်ပံကစားသမား အက်ရှ်လေယန်း ရောက်ရှိလာခဲ့ခြင်းကြောင့်



ဗလင်စီယာမှာ မန်ယူတွင် နေရာပျောက်တော့မည်ဖြစ်သည့်အပြင် မကြာမီ ရောင်းချခံရတော့မည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။

ယခုတွင် ထိုကောလာဟလများကို အဆုံးသတ်ရန် နှစ်ဦးနှစ်ဖက် ညှိနှိုင်းခဲ့ခြင်းဖြစ်သည်။ ဗလင်စီယာသည် မန်ယူအသင်းနှင့် သက်တမ်းတိုးစာချုပ် သစ်ချုပ်ဆိုပြီးပါက တစ်ပတ်လုပ်ခပေါင် ရှစ်သောင်းရရှိမည်ဖြစ်သည်။

ESPN

ဟန်သစ်

ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) နည်းစနစ်သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်အနောက်ပိုင်းခရိုင် အားကစားနှင့်ကာယပညာကော်မတီက ကြီးမှူးကျင်းပမည့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်)နည်းစနစ်သင်တန်းကို ဩဂုတ်၆ ရက်မှ ၂၀ ရက် အထိ အလုံမြို့နယ်ရှိ အားကစားခန်းမ၌ သင်တန်းသား ၄၀ ဖြင့် ဖွင့်လှစ်သွားမည်ဖြစ်ပြီး နည်းပြဆရာမများအဖြစ် အားကစားဝန်ကြီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြမင်းမင်းမူနှင့် နည်းပြ(နည်းစနစ်မှူး) ဒေါ်ခိုင်ဇာဝေတို့က သင်တန်းပို့ချပေးကြမည်ဖြစ်သည်။

(သတင်းစဉ်)

တပ်ကုန်း၌ နိုင်ငံသားစိစစ်ရေးကတ်ပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၃၀

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှောက်ကုန်း ကျေးရွာအုပ်စု၌ ဇူလိုင် ၂၇ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးဌာနမှူးရုံးမှ ဒုတိယ တိုင်းဦးစီးမှူး ဦးဝင်းရဲထွန်းက နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၄၂ ကတ် အား လုပ်သားပြည်သူများသို့ ပေးအပ်ရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကြည် လွင်စိုးက လက်ခံရယူခဲ့ပြီး နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် အိမ်ထောင်စုလူဦးရေစာရင်းများကို လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျေးရွာပြည်သူလူထု အား ရှင်းလင်းပြောကြားခဲ့သည်။**(အောက်ပုံ)** (ဝ၉၂)

အလုံမြို့နယ် သမဝါယမအသင်းစုလီမိတက် နှစ်ပတ်လည်စည်းဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်မြို့ အလုံမြို့နယ် သမဝါယမအသင်းစုလီမိတက် ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို အလုံမြို့နယ် သမဝါယမအသင်းစုရုံးခန်း၌ ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက ကျင်းပသည်။

သဘာပတိအဖြစ် အသင်းစုဥက္ကဌ ဦးမောင်ဌေးက ဆောင်ရွက်၍ အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တွဲဖက်ဒုတိယညွှန်ကြားရေးမှူး ဦးစိုးတင့်က အမှာ စကား ပြောကြားသည်။ ထို့နောက် အသင်း၏ရှင်းတမ်းကို ဒါရိုက်တာ အဖွဲ့ဝင် ဦးခင်မောင်သန်းက ဖတ်ကြားသည်။ အစီအစဉ်အရ ဒါရိုက်တာ အဖွဲ့ နုတ်ထွက်ခြင်း၊ အစားထိုးရွေးချယ်ခြင်းများပြုလုပ်ပြီး အသစ် ရွေးချယ်ခံဒါရိုက်တာနှစ်ဦးက သဘာပတိရှေ့မှောက် ကတိသစ္စာပြုကြ သည်။ (ကြေးမုံ)

မြို့နယ်တစ်ခွင် သာယာစည်ပင်

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး စိမ်းလန်းစိုပြည် သာယာလှပရေးအတွက် စေတီတော်မြတ်ကြီး၏ ဝတ္တကမြေအတွင်း သီးပင်၊ စားပင်နှင့် ပန်းအလှပင်များကို ဇူလိုင် ၂၆ ရက် (အင်္ဂါနေ့) က ဂေါပကအဖွဲ့ဝင် လူကြီးများနှင့် ဝန်ထမ်းများ စုပေါင်းစိုက်ပျိုး ကြစဉ်။ (ကြေးမုံ)

စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးဝင်းကျော်မျိုး ဇူလိုင် ၂၄ရက်တွင် တမူးမြို့သို့ ရောက်ရှိရာ မြတ်သုခလမ်း တံတားပြုပြင်ဆောင် ရွက်မည့်နေရာကို ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ခင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးတွင် ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းဆယ်ခြင်း လုပ်ငန်းနှင့် ဈေးအတွင်း သန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁၇ ရက်က အဖွဲ့ဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများ စုပေါင်းဆောင်ရွက်ခဲ့ကြရာ အမှုဆောင်အရာရှိ ဦးချစ်ငွေ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းမြို့ သာယာလှပရေးဆောင်ရွက်

စစ်ကိုင်း ဇူလိုင် ၃၀

မြို့သန့်ရှင်းသာယာလှပရေးနှင့် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းများ ကင်းဝေးစေရန်အတွက် ဩဂုတ် ၁ ရက်(တနင်္လာနေ့)မှစ၍ စစ်ကိုင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ် ၁၈ ရပ်ကွက်သို့ နေ့စဉ် ခေါင်းလောင်းတီးစနစ်ဖြင့် အမှိုက်များ သိမ်းဆည်းပေးမည်ဖြစ်သည်။ (၅၃၁)

ကျေးလက်တံတား တည်ဆောက်ပြုပြင်

ဝက်လက် ဇူလိုင် ၃၀

ဝက်လက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ကျေးလက် ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်အနက်မှ ကျေးလက်လမ်းများ အစဉ် ကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ဝက်လက်-ရှိမ်းမကား ကျေးလက် လမ်းရှိ အမှတ်(၇) သစ်သားတံတားအား ပြန်လည်ပြုပြင်တည်ဆောက် ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးသန်းဇော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဇော်တို့က ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

အင်းစိန်မြို့နယ်၌ စုပေါင်းလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်မြို့ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၂ ရက်က (၁၁)ကြိမ် မြောက် စုပေါင်းလှူဒါန်းပွဲကျင်းပခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

ကန့်ကွက်နိုင်ပါသည်

ဦးရွှေကြည် အမည်ပေါက်သော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ လူနေရပ်ကွက်အမှတ် (၁၃)၊ မြေကွက်အမှတ် ၂၃၀(က)၊ နှစ် ၆၀ မြေငှားဂရန်အမျိုးအစား မြေအကျယ် (၆၀'×၂၀') (၁၂၀၀) စတုရန်းပေ အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသော ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သီရိနန္ဒာလမ်း၊ အမှတ်-၂၃၀(က)ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ဦးရွှေကြည်နှင့်ဇနီး ဒေါ်တင်တင်မွန်တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးတင်မင်း
တရားလွှတ်တော်ရှေ့နေ(၃၃၇၆)
အမှတ်-၅၆၃၊ ပထပ်၊ ကုန်သည်လမ်း၊ MAC Tower
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁ ၃၇၃၀၈၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ်-ရွှေပင်လုံအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၁)၊ မြေကွက်အမှတ်-၈၁၊ မြေအကျယ် (၀. ၀၅၃)ဧက၊ အနံ ၈၉ ပေ × အလျား ၇၅ပေရှိ ဂရန်အမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၈၁၊ နှင်းဆီမြိုင်လမ်း၊ (၂၇/၁) ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ အဆောက်အအုံတို့၏ အကျိုးခံစားခွင့် အရပ်ရပ်ကို လက်ရှိထား အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသည့် (၁) ဦးကိုကိုလေး [၆/လလန(နိုင်)၀၂၉၆၅၃]၊ (၂) ဒေါ်အေးအေးနွယ်[၁၂/အစန (နိုင်)၁၃၄၆၆၄]တို့နှစ်ဦးထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန် တန်ဖိုး၏ အချို့ တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။ မည်သူမဆို ထိုမြေအိမ်အရောင်းအဝယ် ကို ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း သို့တည်းမဟုတ် မြေနှင့်အဆောက်အအုံ အပေါ် အခွင့်ရေးရှိကြောင်းသက်သေပြနိုင်သည့် စာရွက်စာတမ်း မူရင်းအထောက် အထားများဖြင့် ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ကျွန်ုပ်တို့၏ မိတ်ဆွေက ပြီးဆုံးသည့်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါ သည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဌေးအောင်(စဉ်-၃၂၃၉) **ဦးချမ်းမြေလင်း (စဉ်-၂၇၂၆၀)**
တရားလွှတ်တော်ရှေ့နေ **အထက်တန်းရှေ့နေ**
၈၃/၇(ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စန်းဌေး နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် [၉/တသန(နိုင်)၁၂၃၀၆၆]သည် ဦးထွန်းကျော်သာ အမည်ပေါက် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၅) ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၃၂၈/ခ)ဟုခေါ်သော ဧရိယာပေ(၂၀×၆၀) မြေနှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူ ဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းလှိုင်ထံမှ ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေပြီးဖြစ်ပါ၍ မည်သူမဆို ကန့်ကွက်လိုပါက ၇-၈-၂၀၁၁ ရက် မတိုင်မီ ကျွန်ုပ်ထံသို့ ခိုင်မာသောအထောက်အထားများနှင့် ကန့်ကွက် နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်ပါက အရောင်းအဝယ် ပြီးမြောက် သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဒေါ်စန်းဌေး၏လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ကိုသန်း(LL.B,CBL, DBL)
အထက်တန်းရှေ့နေ(စဉ်-၂၉၈၈၄)
အမှတ်(၅၇၁)၊ ကျန်စစ်သားလမ်း၊
(၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဖုန်း-၀၉၄၃၀၆၄၅၆၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၆၊ မြေကွက်အမှတ်-၈၅၊ မြေ ကွက်တည်နေရာ အမှတ် (၁၈/၂၀)၊ ကျောင်းကုန်း-၂လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ် (ဦးသောင်း၊ ဦးအုံးဖေ) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေအား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးသောင်း ကွယ်လွန်သဖြင့် ဒေါ်သိန်း [၁၂/လမန(နိုင်)၀၅၄၀၂၇]ကတရားဝင် ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ တင်ပြ၍ ကျန်အမည်ပေါက် တစ်ဦး ဖြစ်သူ ဦးအုံးဖေနှင့် ပူးတွဲလျက် အမွေ ဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ(၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၁၈)၊ ဝါးခယ်မလမ်း၊ လင်းလွန်း (တောင်)ရပ်ကွက်၊ မြေတိုင်း အမှတ် (၂၈ ဒီ)၊ မြေကွက်အမှတ် (၈၅-၁၁၃/၇၃) ယာယီမြေ၊ မြေ ကွက် အကျယ်အဝန်း (၂၈. ၆ ပေ × ၆၃ ပေ)ရှိမြေပေါ်တွင် (3½)RC တိုက်သစ် ဆောက်လုပ်ခြင်းတွင် အကျယ်အဝန်း(၁၃ပေ× ၅၅ပေ) ရှိသော ပထမထပ်(ခေါင်းရင်းခန်း) တိုက်ခန်း(၁)ခန်းနှင့် အကျိုးခံစား ခွင့် အရပ်ရပ်အားလုံးတို့ကို တိုက် ခန်းအား လက်ဝယ်ရှိ ပိုင်ဆိုင် ရောင်းချခွင့်ရှိသူထံမှ ကြိုတင်ငွေ သွင်းစနစ်ဖြင့် အပြီးအပိုင် ဝယ်ယူ နိုင်ရန် ကျွန်ုပ်မှ ပထမ အရစ်ကျ ငွေ တစ်စိတ်တစ်ဒေသ ပေးချေ ထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းနှင့် ပတ်သက်ပြီး သက်ဆိုင် အကျိုးခံစားခွင့်ရှိသူ မည်သူမဆို စာချုပ်စာတမ်း မူရင်း အထောက်အထားများနှင့် အတူ ဤကြော်ငြာပါသည့်ရက် မှ (၇)ရက်အတွင်း လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေ ရန် အသိပေး ကြေညာအပ်ပါ သည်။ **ဒေါ်ခင်စိန်မြင့်**
[၁၂/စခန(နိုင်)၀၀၉၄၆၄]
အမှတ်-၁၄၊ ဝါးခယ်မလမ်း၊
(လင်း/တောင်)ရပ်ကွက်၊
စမ်းချောင်းမြို့နယ်၊
ရန်ကုန်မြို့
ဖုန်း-၀၁-၅၂၆၆၅၆

စာအုပ်စာပေ
လူ့မိတ်ဆွေ

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်တရားမရုံး၌
၂၀၁၁ခုနှစ်၊ တရားမအသေးအဖွဲ့မှုအမှတ်-၁၁၄
ကွယ်လွန်သူ ဦးညွန့်ဝင်း၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။
ဒေါ်ကြည်ကြည်စိန်[၁၂/မရက(နိုင်)၀၁၁၀၈၁] လျှောက်သူ။

မ-၁၉၅၊ ပထမထပ်(ဝဲ)၊ ဆိပ်ကမ်းသာလမ်း၊ (၇)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်နေ ဒေါ်ကြည်ကြည်စိန်က ကွယ်လွန်သူ၏ဇနီး ဖြစ်သည်ဟူ၍ ၎င်းကွယ်လွန်သူဦးညွန့်ဝင်းမှာ ကျန်ရှိရစ်သောပစ္စည်း ပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်း ကို အများလူတို့ သိကြားစေခြင်းငှာကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဦးညွန့်ဝင်းမှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူလူဟူသမျှတို့ သည် ဤရုံးသို့ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၀ ရက် (၁၃၇၃ခုနှစ်၊ ဝါခေါင် လဆန်း ၁၁ ရက်)တွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်ကြည်ကြည်စိန်၏လျှောက်ချက်ကိုနာကြား၍လက်မှတ်ရသင့်၊မရသင့် သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၇ ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဒေါ်စန်းယုတင်(တ/၁၅၉၄)
ဒုတိယခရိုင်တရားသူကြီး(၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။

☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။

☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ယနေ့ သတင်းအညွှန်း

ဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုး တစ်မျိုးတည်းကိုသာ ရွေးချယ်စိုက်ပျိုး (သတင်း)စာမျက်နှာ - ၂

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်ဇယား (သတင်း)စာမျက်နှာ - ၉

မန်ယူအသင်း ဗလင်စီယာနှင့် စာချုပ်သစ်ချုပ်ဆိုမည် (သတင်း)စာမျက်နှာ - ၁၀

အပူပိုင်းမုန်တိုင်းဒဏ်ကြောင့် တရုတ်ပြည်သူ ၁၉၀၀၀၀ခန့် ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရ (သတင်း)စာမျက်နှာ - ၄

ခရစ္စတီနာ အဂူလီယာနှင့် ဆီလီနာဂိုမက်ဇ် လက်တင်အမေရိက အနုပညာမီဒီယာဆုများ ရရှိရန် ရေပန်းစား (သတင်း)စာမျက်နှာ - ၈

ပတ် ဝန်း ကျင် ထိန်း သိမ်း ရေး နည်း ပ ညာ သ တင်း

ဘာသာပြန် - တက်လူ

အစ္စရေး၏ ရေသန့်စင်ရေးကိရိယာကို အာကာသအတွင်း၌ စမ်းသပ်မှုပြုလုပ်ခဲ့

ဂျေရုဆလင် ဇူလိုင် ၃၀

အစ္စရေးသိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော ရေသန့်စင်ရေးကိရိယာကို မကြာသေးမီက အာကာသအတွင်း၌ စမ်းသပ်ခဲ့ပြီးနောက် အတ္တလန္တိတ် အာကာသလွန်းပြန်ယာဉ်နှင့်အတူ ဇူလိုင် ၂၁ ရက်က ကမ္ဘာမြေပြင်သို့ ယင်းကိရိယာ ပြန်လည်ရောက်ရှိလာကြောင်း၊ စမ်းသပ်လေ့လာမှုဆိုင်ရာ ရလဒ်များနှင့်ပတ်သက်၍ သိပ္ပံပညာရှင်များက သုတေသနပြုလေ့လာမှုများ ဆက်လက်ပြုလုပ်နေကြောင်း ဂျေရုဆလင်ပို့စ် သတင်းစာက ဇူလိုင် ၂၉ ရက်တွင် ရေးသားဖော်ပြသည်။

အစ္စရေး၏ ရေသန့်စင်ရေးကိရိယာကို အာကာသယာဉ်မှူးများက မြေဆွဲအားကင်းမဲ့သော အခြေအနေတွင် စမ်းသပ်မှုပြုလုပ်ခဲ့သည်။

ညစ်ညမ်းနေသော ရေအတွင်းမှ ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်ပိုးမွှားများကို ထိရောက်စွာ ရှင်းလင်းဖယ်ရှားနိုင်သောနည်းပညာကို အစ္စရေးသိပ္ပံပညာရှင်များက တီထွင်ဖော်ထုတ်ထားသည်။

အစ္စရေးနိုင်ငံရှိ လေကြောင်းနှင့် အာကာသမဟာဗျူဟာလေ့လာရေးသိပ္ပံရှိ လေကြောင်း အာကာသ ဆေးဘက်ဆိုင်ရာသုတေသနဌာနမှ လေကြောင်း အာကာသ ရူပဗေဒပညာရှင် အီရန်ရှက်ခါ ဦးဆောင်သောအဖွဲ့သည် အဆိုပါကိရိယာကို တီထွင်ထုတ်လုပ်ခဲ့သည်။

အာကာသအတွင်း ရေသန့်စင်ရေးစက်ကိရိယာကို အသုံးပြုနိုင်ခြင်းဖြင့် အာကာသယာဉ်မှူးများ သုံးစွဲပြီးဖြစ်သော ညစ်ညမ်းနေသည့်ရေကို အာကာသအတွင်းသို့ စွန့်ပစ်ရခြင်း ရှိတော့မည်မဟုတ်ကြောင်း သုတေသနအဖွဲ့က ပြောကြားသည်။

အဆိုပါ ရေသန့်စင်ရေးကိရိယာသည် ညစ်ညမ်းမှုရှိသောရေကို ရာနှုန်းပြည့် သန့်စင်လာအောင် တစ်ကျော့ပြန် ထုတ်လုပ်ပေးနိုင်ကြောင်း သိပ္ပံပညာရှင် အီရန်ရှက်ခါက ပြောကြားသည်။

အတ္တလန္တိတ် အာကာသလွန်းပြန်ယာဉ်သည် နောက်ဆုံးအကြိမ် အာကာသခရီးစဉ် ပျံသန်းမှုအဖြစ် ဇူလိုင် ၈ ရက်က ကမ္ဘာမြေပြင်မှ စတင်ထွက်ခွာသွားခဲ့ပြီး ဇူလိုင် ၂၁ ရက်တွင် ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်ခဲ့သည်။ ***အင်တာနက်။***

အစ္စရေးနိုင်ငံမှ သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ခဲ့သော ရေသန့်စင်ရေးကိရိယာကို အတ္တလန္တိတ် အာကာသယာဉ်မှူးတစ်ဦးက အာကာသအတွင်း၌ စမ်းသပ်လေ့လာနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရောဝတီမြစ်ရေ ဟင်္သာတမြို့၌ စိုးရိမ်ရေမှတ်အထက် ရောက်ရှိ

ရန်ကုန် ဇူလိုင် ၃၀

ဧရာဝတီမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဟင်္သာတမြို့တွင် ၁၃၄၆ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် လေးစင်တီမီတာ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၄၂ စင်တီမီတာအောက်သို့ ပြန်လည်ကျဆင်းနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။